မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၈၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၅ ရက်၊ သောကြာနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ယနေ့ မာတိကာ

စေတနာသုံးတန် ပြဋ္ဌာန်း လှူဒါန်းနိုင်ကြပါလျှင် မိမိ တတ်နိုင်သမျှ အနည်းငယ် လှူကြစေကာမူ ရရှိသော အကျိုးကျေးဇူးသည် လွန်စွာ ကြီးမားလှပါကြောင်း

ခေါင်းကြီး စာ - ၂

အမေရိကန်လက်နက် ထိန်းချုပ်ရေး သမ္မတအိုဘားမား တိုက်တွန်း စာ - ၄

အမျိုးသားများ ဆံစဦးရေပါး ခြင်းနှင့် နလုံးကျန်းမာရေး ဆက်စပ်မှုရှိ စာ - ၅

ယူနန်ရုပ်မြင်သံကြားဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ ရိုက်ကူးလျက်ရှိ စာ - ၁၁

ရီးရဲမက်ဒရစ်တို့ ဂိုးပြတ်သွင်း ခဲ့တဲ့ ချန်ပီယံလိဂ် ကွာတား ဖိုင်နယ် စာ - ၁၄

ကြော်ငြာအချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E.Mr. Trond Giske အား နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နော်ဝေကုမ္ပဏီများမှ လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၁ နာရီတွင် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Trond Giske ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms.Katja Nordgaard နှင့် နော်ဝေနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဘက်စုံ၊ ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လုပ်အားကိုအခြေခံသောစက်ရုံအလုပ်ရုံများ ထူထောင်ရေး၊ အိုင်တီနည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် စက်ရုံအလုပ်ရုံများ ထူထောင်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့် အသေးစားနှင့် အလတ်စား စက်ရုံအလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး၊ ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများတွင် နော်ဝေနိုင်ငံ ကုမ္ပဏီများမှ လာရောက်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ-အင်ဒိုနီးရှား ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

စာမျက်နှာ ၂ တွင် ဖတ်ရှုနိုင်ပါသည်။

သီတဂူဆရာတော်ထံမှ ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့

စာမျက်နှာ ၆ တွင် ဖတ်ရှုနိုင်ပါသည်။

မိုဘိုင်းဖုန်း တီထွင်သုံးစွဲမှု နှစ် ၄၀ ပြည့်မြောက်ခဲ့ပြီ

ကောင်းမြတ်သူ-ရေးသားသည်

ပထမဆုံးသောမိုဘိုင်းဖုန်းခေါ်ဆိုသုံးစွဲမှုကို ၁၉၇၃ ခုနှစ် ဧပြီ ၃ ရက်က စတင်ခဲ့သည်။ ယခုအခါ မိုဘိုင်းဖုန်း အသုံးပြုမှုမှာ နှစ် ၄၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

မိုတိုရိုလာရှိ ထိပ်တန်း အင်ဂျင်နီယာတစ်ဦးဖြစ်သည့် မာတင်ကောပါးဆိုသူက အခြားသောဆက်သွယ်ရေး ကုမ္ပဏီတစ်ခုရှိ လုပ်ဖော်ကိုင်ဖက် တစ်ဦးအား ပထမဆုံး မိုဘိုင်းဖုန်း အသုံးပြုခေါ်ယူခဲ့ခြင်းဖြစ်သည်။ သူက ဆယ်လူလာဖုန်းမှတစ်ဆင့် စကားပြောနိုင်ကြောင်း ကြေညာခဲ့သည်။

ထိုအချိန်မှစ၍ မိုဘိုင်းဖုန်းများကို အဆင့်မြင့်နည်းပညာများဖြင့် တီထွင်ထုတ်လုပ်လာကြပြီး ကမ္ဘာတစ်ဝန်း မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ ခြောက်ဘီလီယံကျော်အထိရှိနေပြီဖြစ်ကြောင်း နိုင်ငံတကာ ဆက်သွယ်ရေးသမဂ္ဂက ထုတ်ပြန်သော ၂၀၁၂ ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုအခါ ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်ကျော်လာခဲ့ပြီဖြစ်သည်။ အများစုမှာ မိုဘိုင်းဖုန်းသုံးစွဲလာနိုင်ပြီဖြစ်သည်။

မိုဘိုင်းဖုန်းသည် အနှစ် ၄၀ အတွင်း စီးပွားရေးလုပ်ငန်းရှင်များ၏ အဓိကအသုံးအဆောင်ပစ္စည်းဖြစ်လာခဲ့ခြင်းကြောင့် သုံးစွဲမှု မြန်ဆန်ခြင်း ဖြစ်ကြောင်း၊ အထူးသဖြင့်အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ကြခြင်းကြောင့် ဖြစ်ကြောင်း ကယ်လီဖိုးနီးယားဥရောပ ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌအင်ဂျင်နီယာနှင့် နည်းပညာဌာနဥက္ကဋ္ဌဟောင်း ဒေါက်တာ မိုက်ရှော့စီဘီအီးက ပြောသည်။ အနာဂတ်တွင် မိုဘိုင်းဖုန်းသုံးစွဲမှု အလွန်များပြားလာလိမ့်မည် ဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောဆိုသည်။

မိုဘိုင်းဖုန်းဖခင် မာတင်ကောပါးသည် ယခုအခါ အသက် ၈၅ နှစ်ရှိနေပြီဖြစ်သည်။ သူ၏တီထွင်ကြိုးစားအားထုတ်မှုကြောင့် ယခုအခါ သန်းပေါင်းများစွာသော လူသားများ မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ကြကာ လူသားထုကြီး တစ်ရပ်လုံးအတွက် ဆက်သွယ်ရေးကို အဆင်ပြေချောမွေ့စေခဲ့ပါကြောင်း။ **ကိုးကား-အင်တာနက်**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အလှူဒါနနှင့် စေတနာသုံးတန်

မြန်မာတို့သည် ‘အလှူရေစက်လက်နှင့်မကွာ’ဆိုသည့် စကားနှင့်အညီ အချို့က ကာလသတ်မှတ် ရည်စူး၍လည်းကောင်း၊ အချို့က အခါအခွင့်သင့်သည့်အချိန်တိုင်းတွင်လည်းကောင်း အလှူဒါနပြုကြလေ့ရှိသည်။ ကုသိုလ်ရေးသုံးရပ်ဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာပြုကြရာတွင် ဒါနသည် လူတိုင်း အလွယ်တကူ ပြုနိုင်သော ကုသိုလ်ရေးတစ်ရပ်ဖြစ်သည်။

ဒါနဟူသည် အပြုလွယ်သော်လည်း အကျိုးများစွာရရှိရန် လှူတတ်ဖို့ကား ခက်လှပေသည်။ ဒါနကုသိုလ်အထမြောက်ရန် အလှူခံပုဂ္ဂိုလ် သို့မဟုတ် နေရာဌာန၊ လှူဖွယ်ပစ္စည်းနှင့် စေတနာသဒ္ဓါတရားဟူသည့် အကြောင်းခြင်းရာ သုံးရပ်ရှိရန်လိုသည်။

အဆိုပါ အကြောင်းခြင်းရာသုံးရပ်အနက် လှူဖွယ်ပစ္စည်း အနည်းအများသည် ပဓာနမဟုတ်၊ လှူဖွယ်ပစ္စည်းအနည်းငယ်မျှကို လှူဒါန်းစေကာမူ အလှူခံပုဂ္ဂိုလ်သည် သီလရှိ၍ မွန်မြတ်သောပုဂ္ဂိုလ် သို့မဟုတ် မြင့်မြတ်သောနေရာဌာနဖြစ်ပြီး လှူဒါန်းသူကိုယ်တိုင်က စေတနာသုံးတန် ပြဋ္ဌာန်းကာ လှူဒါန်းလျှင် အနည်းငယ်မျှလှူသော်လည်း ကြီးကျယ်များပြားသော အကျိုးတရားကို ရရှိနိုင်သည်ဟု ကျမ်းဂန်များက ဆိုထားပေသည်။

ဤနေရာတွင် သီလရှိပြီး မွန်မြတ်သောအလှူခံပုဂ္ဂိုလ် သို့မဟုတ် မြင့်မြတ်သောနေရာဌာနကိုမူ အလွယ်တကူရှာဖွေတွေ့ရှိနိုင်သော်လည်း လှူဒါန်းသူအနေဖြင့် စေတနာသုံးတန် ပြဋ္ဌာန်းလှူဒါန်းတတ်ရန် အထူးလိုအပ်ပေသည်။

စေတနာသုံးတန်သည်ကား ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာဟူ၍ဖြစ်သည်။ ပုဗ္ဗစေတနာဟူသည် လှူဒါန်းပေးကမ်းမည်ဟု ကြံရွယ်သည်မှစ၍ လှူဖွယ်ပစ္စည်းများကို မစွန့်လွှတ်၊ မလှူဒါန်းမီ ရှေ့အဖို့၌ လှူဒါန်းမှုဆက်သွယ်၍ ဖြစ်ပေါ်လာသောစေတနာကို ဆိုသည်။ တစ်နည်းအားဖြင့်ဆိုရသော် လှူဒါန်းပေးကမ်းတော့မည့် ရည်စူးချိန်မှစ၍ နှမြောတွန့်တိုမှု၊ အလှူကိစ္စနှင့်ပတ်သက်၍ မကျေနပ်မှု၊ မိမိ၏ဂုဏ်သတင်းကြီးမားမှု၊ အထောက်အပံ့အကူအညီကို မျှော်လင့်မှုစသည့် အညစ်အကြေးတို့ကင်းစင်၍ လှူဒါန်းခြင်းအပေါ် စိတ်အားထက်သန်ခြင်း၊ ဝမ်းမြောက်ဝမ်းသာရှိခြင်း စသည်တို့ဖြစ်ပေါ်နေသော စေတနာမျိုးဖြစ်သည်။

မုဉ္စစေတနာဟူသည်ကား လှူဒါန်းဆဲအခိုက်၌ တွန့်တိုသော၊ နှမြောသောစိတ်အစဉ်များကင်း၍ ကြည်လင်ရွှင်ပျပီတိအလှကို ခံစားဖြစ်ပေါ်စေသောစေတနာကို ဆိုလိုသည်။ ထို့အတူ အပရစေတနာ ဟူသည်မှာလည်း ပေးလှူပြီးသည့်နောက်တွင် ‘လှူမိသည်မှာမှားလေခြင်း၊ စီးပွားဥစ္စာလျော့လေခြင်း’ စသည့် စိတ်အတွေး အညစ်အကြေးများကို ကင်းစင်စေလျက် လှူဒါန်းခဲ့မှုကို အခါခါအောက်မေ့သတိရကာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ လှူဒါန်းခဲ့မှုအတွက် စိတ်ကြည်နူး၊ အားရကျေနပ်ခြင်း စသည့် စင်ကြယ်သောစေတနာမျိုးဖြစ်ပေသည်။

ဤသို့လျှင် အကုသိုလ်ကင်း ဖြူစင်သန့်ရှင်းသော စေတနာသုံးတန် ပြဋ္ဌာန်းလှူဒါန်းနိုင်ကြပါလျှင် မိမိတတ်နိုင်သမျှ အနည်းငယ်လှူကြစေကာမူ ရရှိသောအကျိုး ကျေးဇူးသည် လွန်စွာကြီးမားလှပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားအပ်ပါသည်။ ။

ပြည်တွင်းသတင်း

မြန်မာ-အင်ဒိုနီးရှား ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

နေပြည်တော် ဧပြီ ၄

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ ပိုမိုတိုးချဲ့ရင်းနှီးမြှုပ်နှံရေးကိစ္စများ၊ နှစ်နိုင်ငံအကြား ဆန်ကုန်သွယ်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသောအခြေအနေများ၊ နှစ်နိုင်ငံမှ အစိုးရဌာနများ၊ ပုဂ္ဂလိကကုန်သည်များ၊ ကုန်သည်အသင်းအဖွဲ့များ အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စများ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးနှင့် အသေးစားအလတ်စား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အတွေ့အကြုံများဖလှယ်နိုင်ရေးကိစ္စများ၊ ၂၀၁၆ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်အထိ ရည်မှန်းချက်ထား လုပ်ဆောင်ကြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး H.E. Mr. M. Hatta Rajasa ဦးဆောင်သည့်အဖွဲ့တို့သည် ဧပြီ ၂ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

(သတင်းစဉ်)

ဖျာပုံခရိုင်မြို့နယ်များ၏ ကျေးရွာများတွင် မြေသားမိုးရေလှောင်ကန်များ လိုအပ်လျက်ရှိ

ဖျာပုံ ဧပြီ ၄

ဖျာပုံခရိုင် မြို့နယ်အသီးသီးရှိ ကျေးရွာများသည် ပင်လယ်နှင့်နီးကပ်နေသဖြင့် ရေငန်ဝင်ရောက်ပြီး ရေတွင်းများ တူးဖော်ရာတွင်လည်း သောက်သုံးရေရရှိနိုင်မှု နည်းပါးသည့် ဒေသများဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ အထက်အညာ၊ မြေလတ်ပိုင်းဒေသများနည်းတူ ရေရှားပါးသော ဒေသများတွင် ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသများ လည်း အပါအဝင်ဖြစ်နေသည်မှာ နှစ်ကာလအတန်ကြာပြီ ဖြစ်သည်။ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ မုတ်ဆိတ်ကျေးရွာအုပ်စု ကွဲကူးခရားရိုးကျေးရွာသည် မအူပင်မြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့၏ နယ်စပ်ဆုံရာတွင်တည်ရှိပြီး ကျိုက်လတ်မြို့နယ်မှ လေးနာရီကြာ ခရီးသွားရသည့် လမ်းပန်းဆက်သွယ်သွားလာရခက်ခဲသည့် ကျေးရွာလေးတစ်ရွာဖြစ်ပြီး ကရင်- မြန်မာတိုင်းရင်းသားများ နေထိုင်ကြသည်။

ကျေးရွာအတွင်းရှိ ချောင်းရေကို တွင်းတိမ်လေးများ သွယ်ယူ၍ ရရှိလာသောရေကို ကျိုချက်သောက်သုံးနေရသည့် ကျေးရွာဖြစ်သည်။ ပတ်ဝန်းကျင်ရှိကျေးရွာများသည်လည်း အလားတူချောင်းရေကိုသာ သောက်သုံးရေအဖြစ် အသုံးပြုနေရသည်မှာ နှစ်အတန်ကြာပြီဖြစ်သဖြင့် ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဝမ်းရောဂါများအပြင် ရေမသန့်ရှင်းမှုနှင့်သက်ဆိုင်သည့် ရောဂါများ အမြဲကြုံတွေ့နေရသည့် ကျေးရွာသူ ကျေးရွာသားများအတွက် မြေသားမိုးရေလှောင်ကန်များ အမှန်တကယ်လိုအပ်နေကြသည်။

ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျိုက်လတ်မြို့နယ် မုတ်ဆိတ်ကျေးရွာအုပ်စု ကွဲကူးခရားရိုးကျေးရွာတွင် မြေသားရေလှောင်ကန် ပေ ၁၅၀ ပတ်လည် အနက် ရှစ်ပေရှိ မိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာသားတစ်ဦးက “ကျွန်တော်တို့ ကျေးရွာမှာ သားစဉ် မြေးဆက် ချောင်းရေကို နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါး သောက်သုံးရေအဖြစ် သုံးနေရတာ နှစ်ကာလကြာနေပါပြီ။ အခုလို မိုးရေလှောင်ကန်ဖြစ်ဖို့ ငွေကြေးနှင့် နည်းပညာ မတတ်နိုင်လို့ တူးဖော်နိုင်ခြင်းမရှိခဲ့ပါဘူး။ တူးဖော်ဖို့ စိတ်ကူးယဉ်ခဲ့တဲ့ လုပ်ငန်းတစ်ခုကို နိုင်ငံတော် အစိုးရက အခုလို လာရောက်တူးဖော်ပေးခဲ့လို့ အလွန်ဝမ်းသာ၊ ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာ မိုးရေသောက်သုံးရမှာဖြစ်တဲ့အတွက် အနီးပတ်ဝန်းကျင် ကျေးရွာသူ ကျေးရွာသားများကလည်း အားရဝမ်းသာ ဂုဏ်ယူနေကြပါတယ်” ဟု ရင်တွင်းစကားသံကို ကြားခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြစ်ဝကျွန်းပေါ်ဒေသများနှင့် အခြားကျေးရွာပြည်သူများအတွက် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဆင်ပြေစေရန် ကျေးလက်လမ်းများဖောက်လုပ်ခြင်းအပြင် ချောင်းရေကိုသာမြင်ရပြီး သောက်သုံးရေရှားပါးသည့်ကျေးရွာများအတွက် ယခုကဲ့သို့ မြေသားမိုးရေလှောင်ကန်များ လိုအပ်နေသည်မှာ အမှန်တကယ်ပင်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

(ဝ႗၁)

တိပိဋကစက္ခုပါလအဖွဲ့ (၉)ကြိမ်မြောက် မျက်စိအလင်းအလှူပွဲ

စစ်တွေ ဧပြီ ၄

တိပိဋကစက္ခုပါလအဖွဲ့၏ ခရီးစဉ် အမှတ်(၉) မျက်စိအလင်းအလှူပွဲ

ကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ် ကျောက်တော်မြို့ ပြည်သူ့ဆေးရုံ၌ ၁၁-တိပိဋကဓရ ရခိုင်ဆရာတော် အရှင်ဣန္ဒပါလ၏ အကျိုးဆောင်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ အေးထွန်း၊ ဒေါက်တာ လှမောင်ဒင်၊ ဒေါက်တာ စိုးမိုး၊ ဒေါက်တာဇော်ထွန်း၊ ဒေါက်တာ သောင်းသောင်းဆိုင်၊ ဒေါက်တာ တင်တင်လင်း၊ ဒေါက်တာစောသိန်း၊ စစ်တွေဆေးရုံကြီးမှ မျက်စိဆရာဝန်ကြီး ဒေါက်တာ မိုးကျော်၊ ဒေါက်တာ ဥမ္မာဇင်နှင့် ကျွမ်းကျင်သူနာပြုများက မျက်စိဝေဒနာရှင်လူနာ ၃၅၀၀၊ မျက်စိခွဲစိတ်လူနာ ၃၆၇ ဦး၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မြလွင်က အရေပြားဝေဒနာရှင် ၄၄၆ ဦးတို့ကို အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြသည်။

ဒေါက်တာ ထွန်းခိုင်စော၊ ဒေါက်တာ ထွန်းအေး၊ ဆရာဝန်နှင့် သူနာပြုတို့က လိုအပ်သည်များကို ပံ့ပိုးကူညီပြီး ကျောက်တော်ဇာတိဖွား ကိုအောင်သိန်းလှိုင်၊ မနန်းမိမိဝင်းနှင့်အဖွဲ့က ကုန်ကျမှုအစုစုကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ အမြဲရှိ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter အား လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမေရိကန် သမ္မတဟောင်း Mr. Jimmy Carterနှင့်ဇနီး Mrs. Rosalynn Carter ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ ဆိုင်ရာ၊ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု၊ လွှတ်တော်အသီးသီးတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှုများနှင့် တပ်မတော်၏ အခန်းကဏ္ဍများ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ဆက်ဆံရေး၊ မြန်မာ-အမေရိကန် တပ်မတော်နှစ်ရပ်ကြား ဆက်ဆံဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က Mr.Jimmy Carter အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ပြီးနောက် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမားရိုးကျမဟုတ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ကိုင်နိုင်ရန်အတွက် လေ့လာရေးလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော် ဧပြီ ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation နှင့် Shwe Sandar Company တို့အကြား ကုန်းပိုင်းလုပ်ကွက် RSF-7 နှင့် MOGE-8 တို့တွင် သမားရိုးကျမဟုတ်သော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ကိုင်နိုင်ရန်အတွက် လေ့လာရေးလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ Memorandum of Agreement (MOA) ကို ယမန်နေ့ ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်၊ ဒုတိယဝန်ကြီးများနှင့် ဒုတိယရှေ့နေချုပ်၊ Daewoo International Corporation ၊ Shwe Sandar Company နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ၏ CEO and Chairman of BOD Mr. Dong-Hee Leeနှင့် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး သမားရိုးကျ မဟုတ်သော ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လုပ်ကိုင် နိုင်ရန်အတွက် လေ့လာရေး လုပ်ငန်း ဆောင်ရွက်ခြင်း ဆိုင်ရာ လက်မှတ် ရေးထိုး ချုပ်ဆိုပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အပြန်အလှန်လဲလှယ်

ဆက်လက်၍ နှစ်ဖက်သဘောတူ စာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်၊ Daewoo International Corporation ၏ CEO and Chairman of BOD Mr. Dong-Hee Lee နှင့် Shwe Sandar Company Director ဦးအောင်ရဲမိုးတို့က လည်းကောင်း၊ အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်းကလည်းကောင်း လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

သဘောတူညီချက်

ယခု Memorandum of Agreement (MOA) သည် Daewoo International Corporation နှင့် Shwe Sandar Company တို့က သမားရိုးကျအရင်းအမြစ်မှ မဟုတ်ဘဲ Source Rock Shale သို့မဟုတ် Tight Reservoir များမှ အဆင့်မြင့်နည်းပညာဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း လုပ်ကိုင်နိုင်ရန် အတွက် အသေးစိတ်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို ၂၄လ အတွင်း ဆောင်ရွက်ပြီးနောက် သုံးလအတွင်း လေ့လာမှုရလဒ်အစီရင်ခံစာကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသို့ တင်ပြမည့် သဘောတူညီချက်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ပါမောက္ခချုပ် ဦးညီညီစံအား ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

စင်ကာပူသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီးတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့တွေ့ဆုံ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့် ဇနီး မစ္စစ် မေရီတန်တို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံနှုတ်ဆက်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့်ဇနီး၊ စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံသမ္မတ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert နှင့်ဇနီး၊ သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့်ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့က ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံသမ္မတနှင့် ဇနီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ **(သတင်းစဉ်)**



နိုင်ငံတကာသတင်း

အမေရိကန်လက်နက်ထိန်းချုပ်ရေး သမ္မတအိုဘားမား တိုက်တွန်း

ဝါရှင်တန် ဧပြီ ၄

အမေရိကန်ပြည်သူအများစုထောက်ခံသည့် လက်နက်ထိန်းချုပ်ရေးဥပဒေသစ်ကို အတည်ပြုရန် လွှတ်တော်သို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တိုက်တွန်းလိုက်သည်။

သမ္မတအိုဘားမားသည် ကော်လိုရာဒိုပြည်နယ်၌ အစိုးရလက်နက်ထိန်းချုပ်ရေးအတွက် အမတ်များအား မဲဆွယ်နေသည်ဟု စွပ်စွဲခံရသည်။ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအိုဘားမားနှင့် လက်နက်ထိန်းချုပ်ရန်လိုလားသူများက လက်နက်ထိန်းချုပ်သွားရန် ကြိုးစားနေကြသည်။

ထိုအတောအတွင်း ကွန်နက်တီကတ်ပြည်နယ်တွင်လည်း ကိုယ်ပိုင်သေနတ်ကိုင်ဆောင်မှုအပေါ် ဥပဒေအသစ်ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိသည်။ အမေရိကန်နိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်မှုများထိန်းချုပ်ရန် လက်နက်ထိန်းချုပ်ရေးဥပဒေတစ်ရပ်သည် မရှိမဖြစ်လိုအပ်ကြောင်းလည်း သမ္မတအိုဘားမားက ပြောကြားသည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားသုံးမည်ဟုဆို

ပြုံယမ်း ဧပြီ ၄

အမေရိကန်၏ ဂူအမ်ကျွန်းတွင် တိုက်ချင်းပစ်ဒုံးပျံများ တပ်ဆင်မှုအပေါ် လက်တုံ့ပြန်သွားနိုင်ရန် မြောက်ကိုရီးယားနိုင်ငံကလည်း နျူကလီးယားလက်နက်အသုံးပြုတိုက်ခိုက်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း မြောက်ကိုရီးယား စစ်တပ်က ပြောကြားသည်။

မြောက်ကိုရီးယားဒုံးပျံတပ်အနေဖြင့် အမေရိကန်နှင့် တိုက်ရန် အသင့်ပြင်ဆင်ထားကြောင်း မြောက်ကိုရီးယား ဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားသည်။ ဆိုးလ်နှင့်ဝါရှင်တန်တို့သည် မြောက်ကိုရီးယားက သတိပေးသော်လည်း ကိုရီးယားကျွန်းဆွယ်တွင် မတ် ၁၁ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြသည်။ **(ဘီဘီစီ)**

အမေရိကန်က ဂျက်တိုက်လေယာဉ်များ တောင်ကိုရီးယားသို့ရောင်းချမည်

ဝါရှင်တန် ဧပြီ ၄

ပြုံယမ်းနှင့်ဝါရှင်တန်တို့အကြား စစ်ရေးအရှိန်မြင့်လာသည့်အတောအတွင်း တောင်ကိုရီးယားသို့ ရေဒါရှောင်ကွင်းနိုင်သော အဆင့်မြင့်ဂျက်တိုက်လေယာဉ်များ ရောင်းချမှုကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့သည်။အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရေဒါရှောင်ကွင်းနိုင်သော F-35 ဂျက်တိုက်လေယာဉ်နှင့် F-15 ဂျက်တိုက်လေယာဉ်နှစ်မျိုးအပါအဝင် စစ်လက်နက်အသစ်များရောင်းချနိုင်မှုကို ညီလာခံသို့ တင်ပြထားခဲ့ကြောင်း ပင်တဂွန်က ဧပြီ ၃ ရက်တွင် ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်အထူးဒုံးပျံကာကွယ်ရေးစနစ် ပစိဖိတ်ရှိ ဂူအမ်ကျွန်း၌ ပြောင်းရွှေ့ဖြန့်ကြက်

ဝါရှင်တန် ဧပြီ ၄

မြောက်ကိုရီးယားက စစ်ရေးခြိမ်းခြောက်လာချိန်တွင် အမေရိကန်က ၎င်း၏အထူးဒုံးပျံကာကွယ်ရေးစနစ်ကို ပစိဖိတ်သမုဒ္ဒရာရှိ ဂူအမ်ကျွန်းသို့ ပြောင်းရွှေ့ချထားရန် ကြေညာလိုက်ကြောင်း ဧပြီ ၄ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြုံယမ်းက ၎င်း၏စစ်တပ်အနေဖြင့် အမေရိကန်ကို နျူကလီးယားနှင့်တိုက်ရန် နောက်ဆုံးသဘောတူညီလိုက်ပြီးနောက် အမေရိကန်ကအထက်ပါအတိုင်း ဒုံးပျံကာကွယ်ရေးစနစ်ကို ဂူအမ်သို့ပြောင်းရွှေ့ချထားရန် ကြေညာလိုက်ခြင်းဖြစ်သည်။မကြာသေးသည့် သီတင်းပတ်များအတွင်း မြောက်ကိုရီးယားက အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို တိုက်ရန် ခြိမ်းခြောက်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် ၎င်း၏မဟာမိတ်တို့ကို အမှန်ပင်အန္တရာယ်ပြုနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ချော့ဟာဂျယ်က သတိပေးပြောကြားခဲ့ပြီးနောက် ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယ်စပ်ရှိ ပူးတွဲစက်မှုဇုန်ကိုလည်း မြောက်ကိုရီးယားဘက်က ဧပြီ ၄ ရက်တွင် ဒုတိယနေ့အဖြစ် ပိတ်ထားသည်။ လာမည့်သီတင်းပတ်များအတွင်း တိုက်ချင်းပစ်ဒုံးပျံကာကွယ်ရေးစနစ်များကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ **(ဘီဘီစီ)**

အာဂျင်တီးနား၌ ရေလွှမ်းမှုကြောင့် ၅၄ ဦးသေဆုံး

ဗျူနိုအေရိစ် ဧပြီ ၄

အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရိစ်ဝန်းကျင်တွင် ရက်ပေါင်းများစွာ မိုးသည်းထန်းစွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ပြီး အနည်းဆုံး ၅၄ ဦးသေဆုံးကာ ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

မြို့တော် ဗျူနိုအေရိစ်တောင်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာ လာပလာတာမြို့တွင် ဧပြီ ၂ ရက် နှောင်းပိုင်းမှ ၃ ရက်အထိ နာရီ အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးရေချိန် ၄၀ စင်တီမီတာ ရောက်ရှိမှုကြောင့် လူပေါင်း ၄၆ ဦး သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီ သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အချိန်အနည်းငယ်အတွင်း မိုးများသည်းထန်စွာရွာသွန်းသဖြင့် ဗျူနိုအေရိစ်မြို့အတွင်း ရှစ်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုသည် လမ်းများပေါ်တွင် ၎င်းတို့၏ကားများအတွင်း ပိတ်မိပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အချို့မှာ ဓာတ်လိုက်ပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းဌာန၏ထုတ်ပြန်ချက်အရ သိရသည်။ ယင်းရုတ်တရက်ရွာသွန်းသည့် မိုးကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဖုန်းလိုင်းများလည်း ပြတ်တောက်ခဲ့ပြီး စာသင်ကျောင်းများနှင့် အစိုးရရုံးများလည်း ပိတ်ထားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

စစ်ခေါင်းဆောင်ကိုနီကို ဖမ်းဆီးရန် အရင်ဆုံးသတင်းပို့နိုင်သူအား ဒေါ်လာငါးသန်း ချီးမြှင့်မည်ဟုဆို

ဝါရှင်တန် ဧပြီ ၄

ယူဂန္ဓာစစ်ခေါင်းဆောင်ဂျို့ဆက်ဖ်ကိုနီအား ဖမ်းဆီးရန် အရင်ဆုံးသတင်းပို့နိုင်သူအား အမေရိကန်ဒေါ်လာ ငါးသန်းကျော်(ပေါင် ၃ ဒသမ ၃ သန်း) ဆုငွေချီးမြှင့်မည်ဟု အမေရိကန်နိုင်ငံက ကြေညာလိုက်ကြောင်း ဧပြီ ၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယူဂန္ဓာစစ်တပ်အနေဖြင့် ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်) တွင် ကိုနီအားရှာဖွေရန် ရပ်ဆိုင်းထားခဲ့ပြီးနောက် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဘုရားသခင်၏ တော်လှန်ရေးတပ်ဖွဲ့ (အယ်လ်အာရ်အေ) ခေါင်းဆောင်ကိုနီကို စစ်ရာဇဝတ်မှုစွပ်စွဲချက်ဖြင့် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံးက အလိုရှိခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့် ၎င်း၏တိုက်ခိုက်ရေးသမားများသည် ဗဟိုအာဖရိကသမ္မတနိုင်ငံနှင့် အနီးဝန်းကျင်နိုင်ငံများအတွင်း ရှိနိုင်သည်ဟုယူဆနေကြသည်။

အခြားအယ်လ်အာရ်အေတပ်ဖွဲ့ ထိပ်တန်းခေါင်းဆောင်နှစ်ဦးဖြစ်သည့် အိုကော့အော့ဟမ်ဘိုနှင့် ဒိုမီနစ်အွန်ဝမ်တို့ကိုဖမ်းဆီးရန် သတင်းပေးပို့နိုင်သူအား အဆိုပါဆုချီးမြှင့်မည်ဟုလည်း အမေရိကန်က ပြောကြားသည်။

ယင်းအယ်လ်အာရ်အေတပ်ဖွဲ့သည် ယူဂန္ဓာနှင့် အာဖရိကဒေသ တစ်ဝန်းတွင် ကလေးငယ်များကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်ခြင်းများ လုပ်ဆောင်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဂျွန်ကာရီက သည်ဟတ်ဖင်တန်ပို့စ်တွင် ဧပြီ ၃ ရက်က ရေးသားဖော်ပြထားသည်။ ကိုနီနှင့် အခြားအယ်လ်အာရ်အေခေါင်းဆောင်များကို အလွယ်တကူတွေ့နိုင်မည်မဟုတ်ကြောင်း မစ္စတာကာရီက ဆက်လက်ပြောကြားသည်။ **(ဘီဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ပါပူဝါနယူးဂီနီ၌ ဘတ်စ်ကားတိမ်းမှောက်

ပါပူဝါနယူးဂီနီ ဧပြီ ၄

ပါပူဝါနယူးဂီနီနိုင်ငံ၌ ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ၂၄ ဦးသေဆုံးခဲ့ကြောင်း ဧပြီ ၄ ရက်က ဩစတြေးလျအခြေစိုက် အေဘီသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဘတ်စ်ကားသည် ဧပြီ ၃ ရက်က ဘိုင်ယာမြို့မှ ပါပူဝါနယူးဂီနီနိုင်ငံ၏ အနောက်ပိုင်းကုန်းမြင့်များသို့ခရီးထွက်လာစဉ် ဟာဂင်တောင်အရောက် တောင်ကမ်းပါးယံတစ်ခုကို ဝင်တိုက်ကာ မီတာ ၅၀ ကျော်နက်သော ချောက်ထဲသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်ဟု ယင်းသတင်းဌာနက ပြောကြားခဲ့သည်။

အမျိုးသား ၁၇ ဦး၊ အမျိုးသမီးခြောက်ဦးနှင့် အသက်ငါးနှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ အသက်ရှင်ကျန်ရစ်သူ ကိုးဦးတွင် ရင်ဘတ်နှင့် ဝမ်းဗိုက်ပိုင်းများ၌ ဒဏ်ရာရရှိထားကြပြီး နှစ်ဦးမှာ အရေးပေါ်အခြေအနေတွင် ရှိနေသည်ဟု ဟာဂင်ပြည်နယ် ဆေးရုံအုပ် ဒေါက်တာဂွါပိုကီယာဂီက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ဖခင်အမည်မှန်

ရေဦးမြို့၊ ထန်းတောဗောဓိ အထက ဆဋ္ဌမတန်း(A)မှ မနှင်းသီရိစိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၅/ဒပယ(နိုင်)၀၄၅၆၀၂ ဖြစ်ပါကြောင်း။

လေလံကြော်ငြာ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

၁။ စိုက်ပျိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ မြနဒီဥယျာဉ်ခြံမှ ၂၀၁၃ခုနှစ်တွင် ထွက်ရှိမည့် ရွှေဟင်္သာနှင့် အောင်ဒင်သရက်သီးများကို တစ်သီးတစ်ရာသီ ခြံပြတ်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် မြစ်သားမြို့နယ် မြနဒီခြံသို့ သွားရောက်ကြည့်ရှုစုံစမ်းပြီး ဦးစီးမှူးရုံးတွင် လေလံဆွဲယူခွင့်လျှောက်လွှာများကို ရယူပြီး လျှောက်ထားနိုင်သည်။

လေလံတင်မည့်ရက်	-	၁၀-၄-၂၀၁၃ရက်
လေလံတင်မည့်အချိန်	-	၀၉:၀၀ နာရီ
လေလံတင်မည့်နေရာ	-	မြနဒီဥယျာဉ်ခြံ၊ မြစ်သားမြို့။

၃။ အသေးစိတ်သိရှိလိုပါက မြစ်သားမြို့နယ်၊ မြနဒီခြံဦးစီးမှူးရုံး ဖုန်း- ၀၉-၆၅၂၅၃၄၁ တွင် စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
စိုက်ပျိုးရေးဦးစီးဌာန
မြနဒီဥယျာဉ်ခြံ၊ မြစ်သားမြို့နယ်

DI Export Fashion

သင်္ကြန်အထူးဈေးရောင်းပွဲတော်

ဒီနှစ်အတွက်အထူး ပူအိုက်တဲ့နွေရာသီမှာ မြန်မာ့ရိုးရာသင်္ကြန်ပွဲနဲ့ လိုက်ဖက်တဲ့ ကိုရီးယားနိုင်ငံကို တင်ပို့နေသော 100% Cotton T-Shirt မျိုးစုံကို ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)မှ စတင်ပြီး ရောင်းချပေးသွားမည့်အပြင် ဘောင်းဘီ၊ စကတ်အတို/အရှည် စတိုင်မျိုးစုံနှင့် မိုးကာ ဂျာကင်ရောင်စုံများကို 2013 နိုင်ငံတကာဖက်ရှင်နှင့်အညီ ဝတ်ဆင်နိုင်ဖို့ DI ရဲ့ အထူး Discount ပွဲကို လာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။

နေ့ရက် ။ (26.3.2013) မှ (11.4.2013) ထိ
နေရာ ။ အမှတ်(၁၅၈)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
01-526826, 510913, 511412

လက်လီ/လက္ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

ပွဲတော်ရက်အတွင်း ပိတ်ရက်မရှိ။

ယူနီဖောင်းအော်ဒါနှင့် Promotion အတွက် Sport Shirt, T-Shirt များကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးနေပါပြီ။ 09-73100397

SALE

တိုးတက်ဖြစ်ထွန်းနေသည့် တရုတ်-အာဖရိကကုန်သွယ်ရေး

မောင်မဟာ

တရုတ်နိုင်ငံရဲ့ ခေါင်းဆောင်အပြောင်းအလဲဟာ တရုတ်နိုင်ငံနဲ့ အာဖရိကဆက်ဆံရေးအပေါ် ပြောင်းလဲမှုရှိမှာမဟုတ်ဘဲ ပိုမိုတိုးတက်ဖြစ်ထွန်းစေအောင် ဆောင်ရွက်သွားမယ်ဆိုတာ မကြာခင်က ရွေးချယ်တင်မြှောက်ခံခဲ့ရတဲ့ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ အာဖရိကအလည်အပတ်ခရီးစဉ်က ညွှန်းပြနေပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ အာဖရိကအရှေ့ပိုင်းနိုင်ငံဖြစ်တဲ့ တန်ဇန်းနီးယားနိုင်ငံကို မကြာခင်က တရားဝင်အလည်အပတ်ခရီး ရောက်ရှိခဲ့ပြီး တန်ဇန်းနီးယားနိုင်ငံသာမက အာဖရိကနိုင်ငံတွေနဲ့ စီးပွားရေးနဲ့ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ ထုတ်ဖော် ပြောကြားလိုက်ပါတယ်။

တရုတ်နိုင်ငံဟာ အာဖရိကနိုင်ငံတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေတာ အခုမှမဟုတ်ဘဲ လွန်ခဲ့တဲ့ ၁၉၅၀ ခုနှစ်ကတည်းက ဆောင်ရွက်လုပ်ကိုင်နေခဲ့တာဖြစ်ပါတယ်။ ကနဦးနှစ်တွေမှာ တရုတ်နဲ့အာဖရိကတို့ရဲ့ ကုန်သွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေ အကောင်အထည်ဖော် လုပ်ကိုင်ဖို့ခက်ခဲခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ တိုးတက်မှုတွေရရှိလာခဲ့တာ အခုထိတိုင်ဖြစ်ပါတယ်။

၁၉၅၀ ခုနှစ်က တရုတ်-အာဖရိက အပြန်အလှန် ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၄ သန်းသာရှိခဲ့ပေမယ့် ၁၉၆၀ ခုနှစ်ရောက်လာတဲ့အခါ အပြန်အလှန်ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်အထိ ရောက်ရှိလာခဲ့တာမို့ နှစ်စဉ်တိုးတက်မှုတွေ ရှိနေခဲ့တယ်ဆိုတာ ဖော်ပြနေပါတယ်။

ဒီလိုအပြန်အလှန် ကုန်သွယ်မှုတွေ ကောင်းမွန်အောင် နှစ်ဦးနှစ်ဖက်စလုံးက ကြိုးစားခဲ့တာမို့ တရုတ်-အာဖရိက ကုန်သွယ်မှုဟာ ၁၉၈၀ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိရှိလာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်ရှိလာခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ထူထောင်ရင်း အပြန်အလှန်ကုန်သွယ်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်ခဲ့လို့ ၂၀၀၉ ခုနှစ်မှာတော့ အာဖရိကရဲ့ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံက ရပ်တည်လာနိုင်ခဲ့ပါတယ်။

ဒီလိုရပ်တည်လာအောင်လည်း တရုတ်နိုင်ငံက ကြိုးစားခဲ့တာမို့ ၂၀၁၁ ခုနှစ်မှာ တရုတ်-အာဖရိက အပြန်အလှန်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၃ ဘီလီယံအထိ ရှိလာခဲ့ပြီး ၂၀၁၂ ခုနှစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိရောက်ရှိလာခဲ့တာက ပြသနေပါတယ်။

အာဖရိကဈေးကွက်အများစုကို ရယူထားနိုင်ခဲ့တဲ့ တရုတ်နိုင်ငံဟာ ၁၉၈၀ ခုနှစ်နဲ့ ၁၉၉၀ ခုနှစ်တွေမှာ အာဖရိကကို အသေးစားစက်မှုထုတ်ကုန်တွေ၊ အစားအစာနဲ့ ဓာတုပစ္စည်းထုတ်ကုန်တွေကို အဓိကတင်ပို့ခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အီလက်ထရွန်နစ်ပစ္စည်းတွေ၊ အဆင့်မြင့်နည်းပညာသုံး ထုတ်ကုန်တွေကို အဓိကထားပြီး အာဖရိကကို တင်ပို့ခဲ့လို့ ကုန်သွယ်မှုတွေ မြင့်တက်ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံအနေနဲ့ အာဖရိကထုတ်ကုန်တွေကို တရုတ်နိုင်ငံဈေးကွက်ကို တင်သွင်းတဲ့အခါ အခွန်တွေလျှော့ချပေးခဲ့တာမို့ အပြန်အလှန်ကုန်သွယ်မှု တစ်ဖက်စောင်းနင်းမဖြစ်အောင် ထိန်းသိမ်းမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အာဖရိကရဲ့ ထုတ်ကုန်တွေဟာ တရုတ်နိုင်ငံကို တင်ပို့မှုမြင့်တက်ခဲ့တာမို့ ၂၀၀၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိရာမှ ၂၀၁၁ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၂ ဘီလီယံအထိ တိုးတက်မြင့်မားလာတာ တွေ့ရပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ တရုတ်- အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို စတင်ခဲ့ပြီး အနာဂတ်ကာလမှာ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံတွေ တည်ဆောက်မှု၊ ငွေကြေးကဏ္ဍနဲ့ ခရီးသွားလုပ်ငန်းတွေမှာ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုတွေ အရှိန်အဟုန်မြှင့်တင်ဖို့ သဘောတူခဲ့ကြပါတယ်။ အဲဒီအကျိုးဆက်ကြောင့် ၂၀၁၂ ခုနှစ်မှာ တရုတ်နိုင်ငံအနေနဲ့ အာဖရိကမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ မြင့်တက်လာပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ကုမ္ပဏီ ၂၀၀၀ ကျော်ဟာ အာဖရိကရဲ့ နိုင်ငံပေါင်း ၅၀ ခန့်မှာ ရင်းနှီးမြှုပ်နှံမှုတွေအလုံးအရင်းနဲ့ ပြုလုပ်လာခဲ့ကြသလို အာဖရိကရဲ့ ရင်းနှီးမြှုပ်နှံသူတွေကလည်း တရုတ်နိုင်ငံရဲ့ ကုန်ထုတ်ဓာတုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လာခဲ့ကြပါတယ်။ တရုတ်နိုင်ငံက အာဖရိကရဲ့ အခြေခံအဆောက်အအုံကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ချေးငွေ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ ထုတ်ချေးထားပါတယ်။

ဒါ့ကြောင့် အာဖရိကမှာတော့ တရုတ်တို့ရဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်နေပြီး ဈေးကွက်ပိုင်ဆိုင်မှုလည်း ကြီးမားနေတာမို့ တရုတ်-အာဖရိက ကုန်သွယ်ရေးကို တရုတ်နိုင်ငံက ဆက်လက်တိုးတက်နေအောင် ကြိုးစားနေတာဖြစ်ပါတယ်။

နိုင်ငံတကာသတင်း

အမေရိကန် ဓာတုလက်နက်တပ်ဆင်ပြီ

မြောက်ကိုရီးယားက နျူကလီးယားလက်နက်နှင့် တိုက်ခိုက်သွားရန် ခြိမ်းခြောက်လိုက်ပြီးနောက် အမေရိကန်ကလည်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ရင်းတစ်ခုတွင် နျူကလီးယား ဇီဝလက်နက်တို့ကို တပ်ဆင်ထားပြီဖြစ်ကြောင်း ဧပြီ ၄ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဝါရှင်တန်က တောင်ကိုရီးယားနိုင်ငံတွင် ဧပြီ ၄ ရက်က ဓာတုလက်နက်များကိုလည်း ဖြန့်ကြက်ချထားလိုက်သည်။

တရုတ်တွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွား

တရုတ်နိုင်ငံတွင် ယခင်က လူတွင် ကူးစက်ဖြစ်ပွားခြင်းမရှိသော ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသူ လေးဦးရှိကြောင်း တရုတ်တာဝန်ရှိသူများက ဧပြီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ၎င်းတို့သည် အသက် ၃၂ နှစ်၊ ၄၅ နှစ်နှင့် ၄၈ နှစ်ရှိ အမျိုးသမီးသုံးဦးဖြစ်ကြောင်း၊ အမျိုးသားသည် အသက် ၈၃ နှစ်ရှိကြောင်း၊ မတ် ၁၉ ရက်နှင့် ၂၁ ရက်အကြားတွင် ရောဂါလက္ခဏာများ စတင်တွေ့ရှိခဲ့ကြောင်း၊ အပြင်းအထန်ဖျားနာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခုအခါ H7N9 ဗိုင်းရပ်စ်ဟုခေါ်သော အဆိုပါကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်ခံရသူ ခုနစ်ဦးရှိပြီး နှစ်ဦးသေဆုံးသွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုပြောကြားသည်။ သို့သော်လည်း ယင်းဗိုင်းရပ်စ်သည် လူအချင်းချင်း ကူးစက်သည်ကို မတွေ့ရကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

ကျူးဘားဘဲလေးအကအဖွဲ့ နိုင်ငံကို စွန့်ခွာ

အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော ကျူးဘားဘဲလေးအကအဖွဲ့သည် ပြီးခဲ့သည့်လက မက္ကဆီကိုနိုင်ငံကို သွားရောက်ဖျော်ဖြေစဉ်အတွင်း နိုင်ငံကို စွန့်ခွာကြောင်း ကြေညာခဲ့သည်။ ခရီးစဉ်ပြီးဆုံးသော်လည်း ကျူးဘားသို့ မပြန်တော့ကြောင်း ဘဲလေးအကအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဆိုပါ ဘဲလေးအကအဖွဲ့ဝင်ခြောက်ဦးသည် ယခုအခါ အမေရိကန်နိုင်ငံ မိုင်ယာမီ၌ ရှိနေကြပြီး တစ်ဦးမှာ မက္ကဆီကို၌ ရှိနေဆဲဖြစ်သည်။ ယင်းဘဲလေးအကအဖွဲ့တွင် ကမ္ဘာကျော်ဘဲလေးအကပညာရှင် အလီစီယာ အလွန်ဆိုလည်း ပါဝင်သည်ဟု ဆိုသည်။

မြင့်မောင်စိုး-စုစည်းသည်

အမျိုးသားများ ဆံစဦးရေပါးခြင်းနှင့် နှလုံးကျန်းမာရေးဆက်စပ်မှုရှိ

ဆံစဦးရေပါးလာသော အမျိုးသားများသည် ဆံပင်ကောင်းသော အမျိုးသားများထက် နှလုံးကျန်းမာရေးပြဿနာဆိုးကျိုးပိုများကြောင်း ဂျပန်သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

ဂျပန်ပညာရှင်တို့၏ အဆိုအရ ထိပ်ပြောင်သော အမျိုးသားများသည် နှလုံးသွေးကြောယိုယွင်းသောရောဂါဖြစ်ပွားနိုင်ခြေ ၃၂ ရာခိုင်နှုန်းပိုမိုများကြောင်း သိရသည်။

လူပေါင်း ၃၇၀၀၀ နီးပါးကို သုတေသနပြု တွေ့ရှိချက်ကို အွန်လိုင်းဂျာနယ် BMJ Open တွင် ပညာရှင်အဖွဲ့ကဖော်ပြရာ ထိပ်ပြောင်သူအမျိုးသားများတွင် နှလုံးကျန်းမာရေးပြဿနာများ ပိုဖြစ်နိုင်ခြေများကြောင်း၊ သို့သော် ဆေးလိပ်သောက်ခြင်းနှင့် အဝလွန်ခြင်းတို့ကြောင့် နှလုံးကျန်းမာရေးထိခိုက်စေသည့် အန္တရာယ်လောက် ရာခိုင်နှုန်းမများပါကြောင်း ရေးသားဖော်ပြသည်။

ထို့အတွက်ကြောင့် ခန္ဓာကိုယ်ဝဖြိုးမှုကိုသိစေသည့် မိမိတို့၏ခါးတိုင်းအရွယ်အစားကိုသာ အမျိုးသားများအနေဖြင့် ဂရုပြုသင့်ကြောင်း၊ ဆံပင်ကျဲခြင်း၊ ထိပ်ပြောင်ခြင်းတို့က သိပ်အရေးမကြီးကြောင်း ဗြိတိသျှ နှလုံးကျန်းမာရေးဖောင်ဒေးရှင်းကဆိုသည်။ တိုကျိုတက္ကသိုလ်မှ ပညာရှင်များက ဆံပင်ကျွတ် ထိပ်ပြောင်ခြင်းနှင့် နှလုံးကျန်းမာရေးဥပဒ်သင့်မှုကြား ဆက်စပ်မှုကို နှစ်အတန်ကြာ သုတေသနပြုလုပ်ပြီး ရလဒ်ကို ဆန်းစစ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

၎င်းတို့ သုတေသနပြုရာတွင် အသက်အရွယ်နှင့် မိသားစုမျိုးရိုးရာဇဝင်စသည့်အချက်များကိုပါ ပေါင်းစပ်ကာ နှလုံးကျန်းမာရေးဘေးဥပဒ်သင့်မှုကို ဆန်းစစ်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

"ထိပ်ပြောင်သူများနဲ့ နှလုံးကျန်းမာရေးဆိုးကျိုးပြဿနာက နီးနွယ်မှုရှိတာ အသေအချာပါ။ ဒါပေမယ့် ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်း၊ ကိုလက်စထရောများခြင်းနှင့် သွေးပေါင်ချိန်တက်ခြင်းတို့က ပေးသည့် နှလုံးကျန်းမာရေးအန္တရာယ်လောက်တော့မဆိုးရွားပါဘူး။ အနည်းအကျဉ်း သင့်တင့်ရုံသာရှိတဲ့ ဆက်စပ်နီးနွယ်မှုကိုပဲ သုတေသန တွေ့ရှိခဲ့ရတာပါ"ဟု ဒေါက်တာ တိုမိုဟီဒီက ပြောကြားခဲ့သည်။

အသက်အရွယ် ရလာသည်နှင့် အမျိုးသားဟော်မုန်းပြောင်းလဲဖောက်ပြန်မှုမြင့်မားလာခြင်း၊ သွေးတွင်းသကြားဓာတ်ယိုယွင်းခြင်းနှင့် သွေးကြောနံရံများ ရောင်ရမ်းခြင်းတို့သည် နှလုံးကျန်းမာရေးဆိုးကျိုးနှင့် ဆံပင်ကျွတ် ထိပ်ပြောင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်ဟု သုံးသပ်ယူဆထားသည်။

မောင်သံဆင့် - ရေးသည်

ပြည်တွင်းသတင်း

သီတဂူဆရာတော်ထံမှ ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၄

မတ်လ၃၀ရက်နေ့က မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (Myanmar Peace Center)၌ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်သဟဇာတဖြစ်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဘာသာပေါင်းစုံ ဆွေးနွေးပွဲ (Community Dialogue for Social Harmony& Stability in Myanmar) သို့ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ငြိမ်းချမ်းရေးသဝဏ်လွှာပေးပို့ခဲ့သည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အကြမ်းဖက်မှုအားလုံးကိုရှုတ်ချသည်

အဓိပတိ - သီတဂူ ဆရာတော်

မည်သည့် အကြမ်းဖက်မှုမျိုးကိုမဆို ဘာသာရေးခေါင်းဆောင်တစ်ယောက်အနေနှင့်ပြင်းပြင်းထန်ထန် ရှုတ်ချပါတယ်။

ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ မည်သည့်ထောင့် မည်သည့်နေရာက မည်သူတို့လှုံ့ဆော်သည်ဟု အတိအကျမသိရနိုင်သောဆူပူသောင်းကျန်းမှုများ အကြမ်းဖက်မှုများ ဘာသာအယူဝါဒနှင့်လူမျိုးမတူထူးခြားသူများကို အခြားသောဘာသာအယူဝါဒ မတူကြသော လူမျိုးချင်းမတူကြသော သူတို့ဟာအပြန်အလှန်ဆူပူသောင်းကျန်းတိုက်ခိုက်နှောင့်ယှက်နေကြပါတယ်။ အထူးသဖြင့် ရခိုင်ဒေသက စလိုက်သော လူမျိုးရေးဘာသာရေးဆူပူမှုတွေဟာ မန္တလေးတိုင်းဒေသကြီးထဲသို့ ကူးစက်ဝင်ရောက်လာပြီး မိတ္ထီလာမြို့မှာလည်း ဗုဒ္ဓဘာသာဝင်တွေနဲ့အစ္စလာမ်ဘာသာဝင်တွေ ရန်ဖြစ်ခဲ့ကြတယ်။ အဲဒီကနေ ကူးစက်ပြီးတော့ ပဲခူးတိုင်းဒေသကြီးအနောက်ဘက်ခြမ်းကို ကူးစက်သွားခဲ့တယ်။ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်တချို့မှာလည်း ထိတ်လန့်ဖွယ်ကောလာဟလတွေ ဖြစ်ပေါ်နေကြတယ်။ အဲဒီကောလာဟလတွေဟာ ဒီနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် လက်တွဲနေထိုင်လိုကြတဲ့ မြန်မာ့မြေဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမတွေရဲ့ စိတ်ကို စိုးရိမ်စိတ်တွေ ကြောက်ရွံ့စိတ်တွေ ပူပန်စိတ်တွေ ဖြစ်ပွားစေခဲ့တယ်။ အဲဒီ ကောလာဟလတွေဟာ နိုင်ငံသစ် စနစ်သစ် ငြိမ်းချမ်းသာယာသော လမ်းစဉ်သစ်တစ်ခု တည်ထောင်တဲ့နေရာမှာ ကြီးစွာသော အနှောင့်အယှက်တွေ ဖြစ်စေခဲ့ကြပါတယ်။ ထို့ကြောင့် ဘာသာရေး အကြမ်းဖက်မှု လူမျိုးရေး အကြမ်းဖက်မှု စီးပွားရေးအကြမ်းဖက်မှုအားလုံး မည်သည့်အကြမ်းဖက်မှုမျိုးကိုမဆို သီတဂူဆရာတော်က ပြင်းထန်စွာ ရှုတ်ချပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဝါဒဟာ အဟိံသာဝါဒ Non-Violence ဝါဒသာ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ဝါဒဟာ အဟိံသာဝါဒဖြစ်သလို ခရစ်ယာန်ဘာသာ အစ္စလာမ်ဘာသာ ဟိန္ဒူဘာသာဆိုတဲ့ အခြားဘာသာတရားတွေရဲ့ ဝါဒများဟာလည်းNon-Violence ဆိုတဲ့ အဟိံသာဝါဒဟူ၍သာ သီတဂူဆရာတော်ကယုံကြည်လက်ခံထားပါတယ်။ ဘာသာတရားအားလုံးကို တည်ထောင်ခဲ့ကြတဲ့ ဘုရားသခင်အားလုံးတို့ဟာ လူသားအားလုံးတို့ကိုဆူပူသောင်းကျန်းမှုတွေ ပြုလုပ်ကြဖို့ ဘယ်ဘုရားကမှမဟောကြားခဲ့ကြပါဘူး။ ဘာသာအားလုံးတို့၏ တရားအမျိုးမျိုးတို့ကလည်း ငြိမ်းချမ်းရေး-သန္တိ၊ ညီညွတ်ရေး-သမဂ္ဂ၊ အတူတကွလက်တွဲနေထိုင်ရေး-သဟာယ Peace-Harmony-Coexistenceဆိုတဲ့ မူဝါဒများကိုသာ ဟောကြားဆုံးမတော်မူကြတယ်လို့ ယုံကြည်ပါတယ်။ ထို့ကြောင့် မိမိတို့ယုံကြည်ရာ ဘာသာတရားအသီးသီးကို လိုက်နာကျင့်သုံးနေကြတဲ့၊ ကိုးကွယ်နေကြတဲ့ ဘာသာဝင်လူမျိုး အားလုံးတို့သည် ငြိမ်းချမ်းစွာ ညီညွတ်စွာဖြင့် အတူလက်တွဲနေထိုင်ကြဖို့ အထူးမေတ္တာရပ်လိုပါတယ်။ Peace -Harmony- Coexistence ဆိုတဲ့ ဤအခြေခံလမ်းစဉ်သုံးခုကို တည်ဆောက်တဲ့နေရာမှာ သည်းခံခြင်း-ခန္တီ (Tolerance)၊ ခွင့်လွှတ်ခြင်း-ခမာ (Forgiveness)၊ လူသားတစ်ယောက်က လူသားတစ်ယောက်၏ အပြစ်တို့ကို မေ့ပျောက်နိုင်ခြင်း (Forgetness)ဆိုတဲ့ ဒီသုံးခုဟာ အလွန်တရာမှ အရေးကြီးပါတယ်။

နောက်ပြီးတော့ မသင့်လျော်သော ရည်ရွယ်ချက်တစ်ခုခုနဲ့ ဆူပူသောင်းကျန်းမှုတစ်ခုခုကို ရည်ရွယ်ပြီးတော့ ကောလာဟလနဲ့ သံသယတွေကို မဖန်တီးကြပါနဲ့လို့ တိုက်တွန်းလိုပါတယ်။ ကောလာဟလနဲ့ သံသယတွေဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးရဲ့ ကြီးကျယ်တဲ့ အနှောင့်အယှက်တွေပဲ ဖြစ်ပါတယ်။ သံသယကို ဖန်တီးတဲ့ပုဂ္ဂိုလ်တွေဟာ ကြီးလေးသော ပြစ်မှုကြီးတွေကို လွန်ကျူးနေကြသလို ကောလာဟလကို ထုတ်လွှင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း တည်ငြိမ်အေးချမ်းရေးရဲ့ အနှောင့်အယှက်တွေပဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓက မာ အနုဿဝေန ဂဏှိတ္ထ-တစ်ဆင့်စကားတစ်ဆင့်ကြားပြီး ချဲ့ထွင်ထားတဲ့ ကောလာဟလတွေကို လက်တွေ့မျက်တွေ့ မပါဘဲ ကိုယ်တိုင်လည်း သိမြင်နားလည်ခြင်းမရှိဘဲ အမှန်မယူမိကြစေဖို့ အထူးမိန့်ကြားတော်မူလေ့ရှိပါတယ်။ အဲ့ဒါကြောင့် တိုင်းသူပြည်သားတွေကလည်း ကောလာဟလတွေ ထွက်လာတိုင်း သံသယတွေဝင်ပြီးတော့ တလှုပ်လှုပ်တရွရွမဖြစ်ကြဖို့၊ ကောလာဟလရဲ့ ယုတ္တိတွေကိုစိစစ်ပြီးမှ စဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြဖို့ သီတဂူဆရာတော် ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ ဘာသာရေးနဲ့ ယဉ်ကျေးမှုထွန်းကားတဲ့ နိုင်ငံဖြစ်တယ်။ လူရိုင်းတွေနေတဲ့ နိုင်ငံမဟုတ်ပါဘူး။ နှစ်ပေါင်းထောင်ချီ၍ ကြာညောင်းခဲ့ပြီဖြစ်တဲ့ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဆရာ၊ မိဘ သူတော်ကောင်းအဆုံးအမတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ နောက်ခံသမိုင်းကြောင်း ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမြန်မာမြေပေါ်မှာနေပြီးတော့ မြန်မာ့ရေကို အတူသောက်နေကြတဲ့ မြန်မာအလံအောက်က လူတွေအားလုံး မြန်မာ့စိတ်ဓာတ်ကို တညီတညွတ်တည်းဖြင့် နေထိုင်ကြပါလို့ အထူးတိုက်တွန်းလိုက်ပါတယ်။

မြန်မာဆိုတာ ဗြဟ္မာကနေ တရွေ့ရွေ့ဆင်းသက်လာတာ ဖြစ်တယ်။ ဗြဟ္မာရဲ့ အဓိပ္ပာယ်က Noble မွန်မြတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ မွန်မြတ်တဲ့စိတ်ဓာတ်ဆိုတာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ မေတ္တာတရားထားခြင်း၊ ကရုဏာတရားထားခြင်း၊ တရားမျှတခြင်း၊ အကြောင်းအကျိုး ဆင်ခြင်တုံတရားနဲ့ပြည့်စုံခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာတွေဟာ မွန်မြတ်သောစိတ်ဓာတ်ကို နှလုံးသားမှာ အပြည့်ထားပြီး ဆူပူသောင်းကျန်းမှုမှန်သမျှကို တညီတညွတ်တည်း တွန်းလှန်ကာကွယ်ဖို့နဲ့ ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးကို တညီတညွတ်တည်း တည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

မြန်မာနိုင်ငံတော်မှာ ဘုရားသားတော် သံဃာတော်ဦးရေ ငါးသိန်း နီးပါးရှိပါတယ်။ မြန်မာ့တပ်မတော် တစ်ခုလုံးရဲ့ အင်အားကြီးနဲ့အညီအမျှလောက်ပဲဖြစ်ပါတယ်။ မြန်မာ့တပ်မတော်က လက်နက်ကိုင်၍ တိုင်းပြည်ရဲ့ ရန်များကို တွန်းလှန်ကာကွယ်ပြီး နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတည်ဆောက်ရတာကိုကြည့်ပြီး အလွန်တရာ အင်အားကြီးမားတဲ့ ဘုရားသားတော် သံဃာ့အစည်းအရုံးကြီးကလည်း အကြမ်းမဖက်ဘဲ ဆူပူသောင်းကျန်းခြင်းမှန်သမျှကို မေတ္တာလက်နက် ကိုင်စွဲ၍ ဝိုင်းဝန်းနှိမ်နင်းတော်မူကြပါ။ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကိုလည်း အင်လိုက်အားလိုက် ဝိုင်းဝန်းတည်ထောင်ပေးကြပါလို့ လျှောက်ထား တောင်းပန်လိုပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ညီညွတ်ရေးကို တည်ထောင်လိုသော မည်သည့်ဘာသာရေးခေါင်းဆောင်များနှင့်မဆိုလည်း လက်တွဲဆောင်ရွက်တော် မူကြပါလို့ တိုက်တွန်းလိုပါတယ်။

ဒီကနေ့ ဒီအချိန်ဟာ မြန်မာနိုင်ငံတော်ရဲ့ စာမျက်နှာအသစ်တစ်ခုကို ဖွင့်လှစ်ပြီးတော့ သမိုင်းအသစ်တစ်ခုကို ရေးကြဖို့ နိုင်ငံ့ခေါင်းဆောင်များ အားလုံးပြင်ဆင်နေကြတဲ့ အချိန်ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ဘာသာရေးခေါင်းဆောင်များအားလုံး Religious Leaders၊ လူမှုရေးခေါင်းဆောင်များအားလုံး Social Leaders နှင့် စိတ်ဓာတ်ရေးရာခေါင်းဆောင် Spiritual Leaders အားလုံးတို့ဟာ စိတ်ထားမှန်၍ ရည်ရွယ်ချက်မှန်မှန်ဖြင့် နိုင်ငံတော်ရဲ့ စာမျက်နှာသစ်ကို ဖွင့်လှစ်ကြမည့် နိုင်ငံ့ခေါင်းဆောင်အားလုံးတို့အား ဖေးမကူညီစောင့်ရှောက်ပေးကြပါ။ ဒီကနေ့ ဒီအချိန်မှာ ယခုကဲ့သို့ Peace (သန္တိ)-Harmony (သမဂ္ဂ)-Coexistence (သဟာယ) ဆိုတဲ့ မွန်မြတ်သော အခြေခံမူဝါဒတွေကို မတည်ဆောက်နိုင်ကြဘူးဆိုလျှင် သံသယတွေ ကောလာဟလတွေ ဆူပူသောင်းကျန်းမှုတွေ အကြမ်းဖက် လုယက်မှုတွေရဲ့ နောက်ကွယ်မှာ မမြင်နိုင်သော စိုးရိမ်ဖွယ်ရာကောင်းသော အခြားကြီးမားသော အနှောင့်အယှက်ဆန့်ကျင်ဘက်များဖြစ်ပေါ်လာနိုင်ပြီး ကုန်ဆုံးခါနီးဖြစ်နေသော ဆူးခင်းသော လမ်းကြမ်းကြီးမှ ပန်းခင်းသောလမ်းကြောင်းပေါ်သို့ ဆက်မလျှောက်နိုင်ဘဲ မီးကျီးခဲခင်းသောလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိသွားမှာကို အလွန်စိုးရိမ်ရပါတယ်။

အဲဒါကြောင့် တိုင်းရင်းသားအားလုံး ဗြဟ္မာစိတ်ဓာတ်ကိုမွေးထားကြတဲ့ မြန်မာအားလုံး အဟိံသာဝါဒ Non-Violence ကို လက်ကိုင်ထားကြတဲ့ အခြားအခြားသော ဘာသာဝင်အားလုံးတို့ သည်းခံခြင်း Tolerance၊ ခွင့်လွှတ်ခြင်း Forgiveness၊ မေ့ပျောက်ခြင်း Forgetness၊ ညီညွတ်ခြင်း Harmoniously Coexistence ဆိုတဲ့ လောကပါလတရားများ လက်ကိုင်ထား၍ ဆူပူသောင်းကျန်းခြင်းအားလုံးတို့ကို ဝိုင်းဝန်းတားဆီးကြပါ။ ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးကို ဝိုင်းဝန်းတည်ဆောက်ကြပါလို့ အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်

ဒေါက်တာအရှင်ဉာဏိဿရ (Ph.D.,D.Litt)
အဓိပတိ-သီတဂူဆရာတော်

(သတင်းစဉ်)

International Enterprise (IE) Singapore အခြေစိုက်ရုံးဖွင့်လှစ်

ရန်ကုန် ဧပြီ ၄

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော စင်ကာပူ သမ္မတနိုင်ငံသမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Ballroom ၌ ကျင်းပသည့် အိုင်အီး စင်ကာပူ International Enterprise (IE) Singapore ၏ (၃၇) ခုမြောက် ပြည်ပဌာန ရုံးဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ စင်ကာပူသမ္မတသည် ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး **(ယာပုံ)** အမှတ်တရ ဓာတ်ပုံ ရိုက်ကြသည်။

ရန်ကုန်မြို့ရှိ International Enterprise(IE) Singapore ၏ ပြည်ပဌာနခွဲရုံးသည် မြန်မာနှင့် စင်ကာပူတို့၏ သံတမန်ရေးရာ ဆက်သွယ်မှုများ စတင်ခဲ့သည့် ၁၉၉၆ ခုနှစ်ကတည်းက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် အထောက်အကူပေးသော အမှတ်သင်္ကေတ တစ်ခုဖြစ်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးမည့် ဌာနခွဲရုံးတစ်ရုံး ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

လိုက်တော့ ကျွန်တော်တို့အမှတ်(၁၀) အုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းတစ်ဖက်မှာတောင်တမာပင်ကြီး တစ်ပင်က ပြိုလဲပြီး လျှပ်စစ်မီးတိုင်တွေအပေါ် လဲကျနေတယ်၊ လမ်းပေါ်မှာ လျှပ်စစ်မီးတိုင် ရှစ်တိုင် လဲကျသွားတယ်၊ မီးတွေပဲချက်ချင်း ပြတ်သွားတာလေ၊ လေတိုက်တာက အနောက်ဘက်အရပ်က တိုက်လိုက်တာမို့ သစ်ပင်က အရှေ့ဘက်ကို လဲကျပြီး လျှပ်စစ်မီးတိုင်တွေ အပေါ်လဲတာ၊ လေက အရှေ့ကသာ တိုက်ရင်တော့လမ်းဘေးမှာရှိတဲ့ အိမ်တွေ အဆောက်အအုံတွေအပေါ် လဲကျမှာပါလို့ ရပ်ကွက်(၁၀) အုပ်ချုပ်ရေးမှူးရုံးမှ ဦးအေးသန်းက ပြောပြပါတယ်။ ထိခိုက်၊ ပျက်စီးတာ မရှိဘူးလို့ ပြောကြားပါတယ်။

မမ(လားရှိုး)

ဆီးဂိမ်းပြိုင်ပွဲကြီး၏မဟာအောင်ပွဲ (သို့မဟုတ်) ရွှေအိုရောင် နှလုံးသားတွေရဲ့ သာစုအပြုံး

မတ် ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြန်မာ့အားကစားလောကအတွက် မင်္ဂလာရှိလှသော သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် အားကစားသမားဟောင်းကြီးများအား မေ ၅ ရက်တွင် ရန်ကုန်သုဝဏ္ဏရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)တွင် ဂုဏ်ပြုတွေ့ဆုံပွဲ ပြုလုပ်မည်ဆိုသော သတင်းပင်ဖြစ်ပါသည်။ ထိုသတင်းသည် မြန်မာ့အားကစားလောကအတွက် တကယ့်ကိုမင်္ဂလာရှိသော သတင်းပင်ဖြစ်ပါသည်။

အားကစားနယ်ပယ် အောင်မြင်မှုတွင်လည်း မြန်မာတို့သည် နိမ့်ကျခဲ့သူများမဟုတ်ပေ။ မြန်မာ့ဘောလုံးအသင်းသည် အာရှတွင်ဟည်းဟည်းထခဲ့ဖူးသည်။ ဗိုလ်လုပွဲကစားခါနီး ရန်ကုန်သို့ အရေးပေါ်ပြန်ရသော မြန်မာ့အသင်းအဖွဲ့ ခေါင်းဆောင်ကို အင်ဒိုနီးရှားသမ္မတ အဆောင် အယောင်ဖြင့် လေဆိပ်သို့ လိုက်ပို့ခြင်း ခံရဖူးသည်။ မြန်မာအသင်း ဂိုးသွင်းသည့် အချိန်တွင် သမ္မတကိုယ်တိုင် လေယာဉ်ပေါ်သို့ သတင်းပို့စေပြီး လေယာဉ်မယ်ကို ကြေညာစေခြင်း ခံရဖူးသည်။ မြန်မာအသင်းဆိုသည့် ဆိုင်းဘုတ်ကို ကိုင်ခွင့်ရရေးသည် အလှမယ်မိန်းကလေးများ၏ အလုအယက်အလုပ်တစ်ခုဖြစ်ခဲ့ဖူးသည်။

ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့စသည်တို့မှ မြန်မာကစားသမားများသည် အာဆီယံဒေသနယ်ပယ်တွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့ကြဖူးသည်။ လေးစားအားကျခြင်း ခံရဖူးသည်။“ အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲပြမည်” ဟု အခုလို ကိုယ့်ကိုယ်ကို အားတင်း အားပေးနေရသော အချိန်မဟုတ်ခဲ့။ “အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲခဲ့သည်” ဟု ပြတ်ပြတ်သားသားဆိုရဲသည့် ရွှေအိုရောင် နေ့ရက်များ၊ ရွှေအိုရောင် နှလုံးသားများ။

ဟိုတစ်ချိန်တုန်းက အမှန်တကယ်ပင်ရှိခဲ့ဖူးသည်။

ယခုတော့ ထိုသမိုင်းများ ပြန်လည် အသက်ဝင်လာတော့မည်ဖြစ်သည်။ တိမ်သလ္လာများကင်းမဲ့သော သမိုင်းလဝန်း လှလှပပ ပြည့်ပြည့်ဝဝကြီးကို မေ ၅ ရက်နေ့တွင် မြင်တွေ့ခွင့်ရတော့မည်ဖြစ်ရာ အမှန်ပင် ဝမ်းသာစရာပင် ဖြစ်ပါသည်။

ဟိုတစ်ချိန်က ကစားသမားကြီးများသည် ဘာမှပြည့်ပြည့်စုံစုံ ရှိကြသူများမဟုတ်။ သူတို့အတွက် ဝတ်စုံ၊ ဖိနပ်ကအစ ရှားပါးလှသည်။ နောက်ဆုံးလေ့ကျင့်ချိန်ပင် သူတို့အတွက် ရှားပါးပစ္စည်းတစ်ခုဖြစ်ခဲ့သည်။ ယခု မေ ၅ရက် ဂုဏ်ပြုတွေ့ဆုံပွဲနှင့် စပ်လျဉ်း၍ မေးမြန်းရင်း ဦးစိုးမရက ဤသို့ ပြောပြပါသည်။

“ကျွန်တော်တို့တုန်းက ရှားပါးတာ ပစ္စည်းမပြောနဲ့ အချိန်တောင် ရှားပါးပစ္စည်းပဲ။ ရုံးမှာ အလုပ်လုပ်ရင်း လေ့ကျင့်ခဲ့ရတာ။ ရုံးကခွင့်မပေးဘူး။ On Duty လည်း မပေးဘူး။ ညနေ လေးနာရီခွဲ ရုံးဆင်းခါနီး နာရီဝက်လောက်အလိုမှ ရုံးက ပေးဆင်းတာ။ အဲဒီတော့မှ ကွင်းကိုတန်းပြေး။ လေ့ကျင့်စရာရှိတာလေ့ကျင့်။ ဒီလို ကိုယ်ပိုင်အချိန်တွေထဲကနေ အချိန်ယူပြီး ကစားသမားတစ်ယောက်ဖြစ်အောင်လုပ်ခဲ့ရတာ”။

ထွန်းမရ၊ ကျော်မရ၊ စိုးမရ ညီအစ်ကိုများသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်ထမ်းခဲ့ကြသည့် ညီအစ်ကိုများဖြစ်ပါသည်။ တုတ်ထောက်ခုန်ကစားနည်းဖြင့် ၁၉၅၉ ပထမဆုံးအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေ၊ ၁၉၆၁ ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ၊ ၁၉၆၅ တတိယအကြိမ်ကျွန်းဆွယ် ပြိုင်ပွဲတွင်ရွှေများကို ရယူပေးခဲ့သူ ဦးစိုးမရသည် ယခုဧပြီလတွင် အသက် ၇၃ နှစ်ပြည့်ပြီဖြစ်သည်။

“၅၉ ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲမှာ ကျွန်တော် စင်ကာပူကကစားသမားကိုရှုံးခဲ့တယ်။ ရှုံးမှာပေါ့။ ကျွန်တော်ကဝါးလုံးတုတ်နဲ့ပဲ ခုန်ခဲ့ရတာကို။ သူက စတီးပါတဲ့တုတ်နဲ့ ခုန်တာလေ။ ကျွန်တော့်စိတ်ထဲ မခံစားနိုင်ဘူး။ ဒါနဲ့ အဖေ နိုင်ငံခြားသွားတော့ သူ့လိုတုတ်မျိုး ဝယ်လာပေးတယ်။ ဒါနဲ့ ၆၁ ဒုတိယအကြိမ် ကျွန်းဆွယ်မှာ အဲဒီစင်ကာပူကို ကျွန်တော် ပြန်နိုင်ခဲ့တယ်။ စံချိန်သစ်လည်း တင်နိုင်ခဲ့တယ်။ ၆၃ ကမ္ဘောဒီးယား ကျွန်းဆွယ်ပွဲ မလုပ်ဖြစ်လို့။ လုပ်ဖြစ်ရင် ကျွန်တော်ရွှေရဦးမှာပဲ။ ၆၅ တတိယအကြိမ်ကျွန်းဆွယ်မှာ စံချိန်သစ်နဲ့ပဲ ကျွန်တော် ရွှေထပ်ရပါတယ်”။

သူကြိုးစားခဲ့ရပုံများကို ဦးစိုးမရကပြောပြသည်။ ထိုသို့ ရွှေတံဆိပ်များဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သော်လည်း သူတို့အတွက် ထူးထူးခြားခြားခံစားခွင့်များ ဘာမျှမရခဲ့။ သို့တိုင်အောင်မြင်မှုတွေ ဘာကြောင့်ဆက်တိုက်ရယူနိုင်ခဲ့သလဲဟု မေးကြည့်ဖြစ်သည်။

ဦးစိုးမရက “ဒါက ဘာမှထူးထူးထွေထွေ မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာ နိုင်ငံ့အတွက် ပထမရအောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ကလွဲလို့ တခြားမျှော်လင့်ချက်စိတ်တွေ ဘာမှ မရှိခဲ့ဘူးလေ” ဟု ရှင်းလင်းပြတ်သားစွာ ဖြေပါသည်။

ဦးစိုးမရ၏စကားကို ကြားရတော့ အမေဒေါ်ခင်ငွေး၏ စကားများကို ပြန်လည်ကြားယောင်မိသည်။ ယခု အသက် ၇၈ နှစ် ရှိပြီဖြစ်သော ဒေါ်ခင်ငွေးသည် သံပြားပစ်မယ် အဖြစ် နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သူဖြစ်သည်။

“အမေတို့ခေတ်က ရွှေတံဆိပ်တွေနဲ့ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့ပေမယ့် ပိုက်ဆံတစ်ပြားတစ်ချပ်မှမရခဲ့ဘူး။ ဒါပေမယ့် အမေတို့ အဲဒါတွေကို မက်လည်း မမက်မောခဲ့ဘူး။ ဘယ်လိုအောင်မြင်အောင်ကြိုးစားရမလဲဆိုတာပဲ အမေတို့ခေါင်းထဲမှာရှိခဲ့တယ်”။

အမေဒေါ်ခင်ငွေးသည် စက်ဘီး၊ ဘတ်စကက်ဘောနှင့် ဘော်လီဘော ကစားနည်းတို့တွင်ပါ ထူးထူးချွန်ချွန် ကစားနိုင်ခဲ့သူဖြစ်ပါသည်။ သို့သော်လည်း နောက်ဆုံးတွင် သံပြားပစ်ကစားနည်းတွင် အခြေချကာ ၁၉၅၉ ပထမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေ၊ ၁၉၆၁ ဒုတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေ၊ ၁၉၆၅ တတိယအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ငွေတံဆိပ်များဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ ယခုအခါ အသက် ၇၈ နှစ်ရှိပြီဖြစ်သော အမေ ဒေါ်ခင်ငွေးသည် ယခုအချိန်တွင် ကိုယ်ကာယ အလှသင်တန်းတစ်ခုတွင် ကြီးကြပ်သူအဖြစ် အားကစား၌ သူ၏အချိန်များကို မြှုပ်နှံထားဆဲဖြစ်ပါသည်။

ဦးစိုးသိန်းပါဝင်သော မြန်မာအဖွဲ့

ဓမမြင့်ဦး

ဟိုတစ်ချိန်က ကစားသမားဟောင်းကြီးများသည် အားကစားသမားဖြစ်ဖို့အတွက် လူ့ဘဝကို ရောက်လာသူများဟုပင် ဆိုရမည့်သူများဖြစ်သည်။ အစောပိုင်းက ပြောခဲ့သလိုပင် သည်လိုအားကစားဗီဇ အားကစားသွေးများ စီးမျောလျက် လူဖြစ်လာကြသူများဖြစ်သည်။

ဤသည်ကို ဘော်လီဘောဖြင့် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခု ရယူပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ပေးခဲ့သူ ဦးစိုးသိန်းက ဤသို့သုံးသပ်ပြသည်။

“အရင်တုန်းက အားကစားသမားတွေရဲ့ ထူးခြားချက်က ပင်ကိုစရိုက်၊ ပင်ကိုဗီဇဗျ။ သူတို့စရိုက်နဲ့ ဗီဇမှာကိုက အားကစားက ပါလာပြီးသား။ သူတို့တစ်တွေဟာ ကစားသမားတစ်ယောက် မဖြစ်ဖြစ်အောင် အတင်းလုပ်ယူရတဲ့သူတွေ မဟုတ်ဘူး။ အားကစားပါရမီလူတွေ။ အဲဒါကိုက ထူးခြားနေတာ။ စိတ်ဓာတ်၊ ခံယူချက်၊ ကြိုးစားမှုတွေနဲ့ ပေါင်းစပ်မိသွားတဲ့အခါ နိုင်ငံ့ဂုဏ်ဆောင် ကစားသမားတွေဖြစ်လာတာပေါ့ဗျာ” ဟု ဦးစိုးသိန်းက ရှင်းပြပါသည်။

ဦးစိုးသိန်း၏ ဤသုံးသပ်ချက်အတွက် အကောင်းဆုံးသက်သေ ကစားသမားတစ်ဦးမှာ ဒေါ်သန်းသန်းဖြစ်မည်ထင်သည်။ “တာတိုမယ် သန်းသန်း”ဟု တစ်ချိန်က အရှေ့တောင်အာရှတွင် ဟုန်းဟုန်းထနာမည်ကြီးခဲ့သူဖြစ်သည်။ “ကျွန်မရဲ့ ကစားသမားဘဝက လွတ်လပ်ရေးနေ့ ပြေးပွဲတွေကစခဲ့တာပါ။ လေးငါးနှစ်သားက ပြေးရင်းနဲ့ မပြေးရမနေနိုင်အောင် ဖြစ်လာခဲ့တယ်။ လွတ်လပ်ရေးနေ့ မြန်မြန်ရောက်ပါစေလို့ ဆုတောင်းရတာလည်းအမောပဲ။ ဒီကြားထဲ ကျောင်းမှာ အားလပ်ချိန်ဆိုရင် ခဲလုံးလေးတစ်လုံးကို ပစ်ချ၊ ပြီးရင်ပြေး။ ကိုယ့်ဘာသာ တာလွှတ်၊ ကိုယ့်ဘာသာပြေးလုပ်ခဲ့တဲ့ သဘောပါ။ အဲသလိုလုပ်ရင်းနဲ့ အောင်ဆန်းကွင်းရောက်ပြီးကစားသမားဖြစ်လာခဲ့တာ”။

ဒေါ်သန်းသန်းပြောပြသည့် သူ့အကြောင်းနိဒါန်းဖြစ်ပါသည်။

ဟိုတစ်ချိန်က ကစားဖော်များ၏ အထူးချီးကျူးခြင်းခံရသော ဘောလုံး

ဒေါ်ခင်ငွေး

သမားဟောင်းကြီး ဦးပန်စစ်က “မမျှော်လင့်ပါဘူး၊ လုံးဝမမျှော်လင့်မထားခဲ့ပါဘူး။ ကစားသမားဟောင်းတွေကို အသိအမှတ်ပြုမယ်ဆိုတာ၊ ဒီတော့ဝမ်းသာတာပေါ့ဗျာ။ စီးပွားရေး၊ စားဝတ်နေရေးအဆင်မပြေပါဘူး။ ဒါပေမယ့် အခုလိုအသိအမှတ်ပြုခံရတာကို ဂုဏ်ယူကျေနပ်ပါတယ်”ဟု ဆိုခဲ့သည်။

ယခုအခါ အသက် ၇၁နှစ်ရှိပြီဖြစ်သော ဦးပန်စစ်သည် ၁၉၆၁ ခုနှစ်တွင် လူငယ်အသင်းနှင့်ရွှေတံဆိပ်တစ်ခု၊ ၁၉၆၉ ကျွန်းဆွယ်တွင် လက်ရွေးစင်အသင်းကြီးဖြင့် ရွှေတံဆိပ်တစ်ခု ရခဲ့သူဖြစ်သည်။ ထိုရွှေတံဆိပ်များကို ယခုအခါ နိုင်ငံတော်အားလှူလိုသော်လည်း မလှူနိုင်သည့်အတွက် စိတ်မကောင်းခြင်းကြီးစွာဖြစ်နေရရှာသည်။

“အဓိကကတော့ဗျာ၊ ကျွန်တော့်ဘဝရဲ့ ပရိယေသနဒုက္ခတွေပေါ့။ နေစရာက အတည်တကျမရှိတော့ အိမ်ငှားနေရ၊ ဒီတစ်အိမ်ကနေ နောက်တစ်အိမ်ရွှေ့၊ ဒီလိုရွှေ့ရတာများတော့ အဲဒီရွှေတံဆိပ် ဘယ်မှာပျောက်လို့ ပျောက်မှန်းမသိ ပျောက်သွားတယ်”ဟု ဦးပန်စစ်က ပြောပြသည်။

မြန်မာ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများတွင် ဦးပန်စစ်လို လူမျိုးတွေ ဘယ်နှယောက်များရှိနေဦးမည်မသိ။ တွေးလည်း မတွေးချင်။ မတွေးချင်သည်ထက် မတွေးရဲပါဆိုက ပိုမှန်ပါလိမ့်မည်။

အားကစားနှင့်ဘဝကို ထပ်တူပြုခဲ့ကြသူများဖြစ်၍ ဘဝရှင်သန် ရပ်တည်ရေးကို ရင်ဆိုင်ဖြေရှင်းရာတွင် ကမောက်ကမများဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်သည်မှာ ၎င်းတို့အတွက် ဘာမှမဆန်း။ သို့သော် သူတို့သည်လည်း လူသားများဖြစ်၍ သူခ၏ ချိုမြိန်မှုကို ခံစားလိုကြမည်သာဖြစ်သည်။ ဒုက္ခ၏ ခါးသီးမှုတွေကို မကြုံမတွေ့လို ရှောင်လွှဲလိုကြမည်သာ ဖြစ်သည်။ သို့သော် ဖြစ်ချင်တိုင်းမဖြစ်၊ မဖြစ်ချင်တာတွေ ဖြစ်တတ်သည်မှာလည်း ဘဝပင်မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ၊ နှစ်ပေါင်း လေးဆယ်ကျော် ငါးဆယ်နီးပါး မေ့ဖျောက်ထားခဲ့သော ရွှေအိုရောင် နှလုံးသားပိုင်ရှင်ကြီးများကို ယခုကဲ့သို့ သတိတရ ပြန်လည် ဂုဏ်ပြုအသိအမှတ်ပြုဖို့ လုပ်သော အားကစားဝန်ကြီးကို ကျေးဇူးအထူးတင်ပါသည်။ အနည်းငယ်အချိန်နှောင်းပြီဟု ဆိုနိုင်သော်လည်း မလွန်သေး။ အချိန်မီသေးသည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ခွင့်ရခြင်းကြောင့် ဖြစ်ပေါ်လာရသော ကိစ္စဖြစ်၍ ဆီးဂိမ်းပြိုင်ပွဲကြီး၏ ကနဦးမဟာအောင်ပွဲကြီးဟုပင် ဆိုရမည် ဖြစ်ပါသည်။

သို့ရာတွင် သည်ကိစ္စသည် သည်တစ်ခေါက်လောက်နှင့်သာ ပွဲပြီးမီးသေ၊ မဖြစ်သင့်။ မဆက်သွယ်သူ ကျန်ရှိကစားသမားဟောင်းကြီးများကို ဆက်လက်ရှာဖွေဖော်ထုတ်ဆက်သွယ်ပြီးသူများနှင့် စာရင်းပေါင်း၊ ၎င်းတို့အတွက် ထာဝရကောင်းမွန်သော စောင့်ရှောက်ကူညီမှု အစီအမံကောင်းများ စဉ်းစားချမှတ်သွားရန် လိုအပ်မည်ဟု ထင်မြင်ယူဆမိပါသည်။

သမိုင်းကို တန်ဖိုးထားမြတ်နိုးခြင်းသည် လူသာဓုခေါ် နတ်သာဓုခေါ် အကျင့်ကောင်းတစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် မေ ၅ ရက်နေ့တွင် ရွှေအိုရောင်နှလုံးသားပိုင်ရှင် ကစားသမားဟောင်းကြီးများ အသီးသီးထံမှ ထွက်ပေါ်လာမည့် သာဓုသံအလီလီသည် မြန်မာ့အားကစားလောကအတွက် မင်္ဂလာအစီအရီ အပီအပြင်ဖြစ်စေတော့မည်ကိုတွေး၍ ပျော်၊ မျှော်၍ကြည်နူး အထူးပင်ပီတိဖြစ်နေမိပါတော့သည်။

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကင်းထောက်လူငယ်များအဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကင်းထောက်လူငယ်လေ့လာရေးအဖွဲ့အား ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြောကြားရာတွင် ယခုကဲ့သို့ လာရောက် လေ့လာသည့်အတွက် ပြည်သူ့လွှတ်တော်အနေဖြင့် ကြိုဆိုကြောင်း အလေးထား လာရောက်လေ့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဂုဏ်ယူပြီး အထူးပင် ဝမ်းမြောက်ကြောင်းနှင့် လွှတ်တော်သည် ပြည်သူများ၏ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်သူများ၏အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်နိုင်သမျှ ဖော်ဆောင်ပေးမည်ဆိုသည့် စေတနာကောင်းဖြင့် ရည်ရွယ်ချက်ထားရှိပြီး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း မောင်တို့ မယ်တို့ရှေ့တွင် ကတိပေး ပြောကြားလိုကြောင်း၊ နိုင်ငံတကာတွင် လွှတ်တော်များသည် နိုင်ငံများ၏ အသက်ဝိညာဉ်ဖြစ်သကဲ့သို့ နိုင်ငံတော်တည်ဆောက်သည့်နေရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ဟု ပြောကြားကြကြောင်း၊ ၎င်းကိစ္စသည် မှန်ကန်သည့် ကိစ္စတစ်ခုဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့လွှတ်တော်သည်လည်း နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတည်ဆောက်ရေးတွင် ယခုထက်ပိုမိုပြီး ဆောင်ရွက်နိုင်ရန် မိမိတို့လွှတ်တော်တွင် ရှိကြသည့် ပြည်သူ့ကိုယ်စားလှယ်များ၏အရည်အချင်းကို မြှင့်တင်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းအသိပေးလိုကြောင်း၊ မောင်တို့ မယ်တို့သည် မိမိနိုင်ငံအပေါ် ချစ်မြတ်နိုးသစ္စာရှိပြီး နိုင်ငံ့သားကောင်းများ ဖြစ်ရန်လိုကြောင်းနှင့် စိတ်ထားစေတနာနှင့် လေ့ကျင့်မှုများပြုရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ အရည်အချင်းရှိအောင် လေ့ကျင့်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့ မယ်တို့အနေဖြင့် နိုင်ငံ့သားကောင်းဖြစ်အောင်၊ နိုင်ငံ့သမီးကောင်းများဖြစ်အောင်၊ စိတ်ဓာတ်ကောင်းရန်၊ စည်းကမ်းကောင်းရန်၊ အရည်အချင်းရှိရန် ကြိုးစားနေရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် အချိန်ကို လေးစားတန်ဖိုးထားရန်နှင့် အလုပ်ကို ကြိုးစားပမ်းစားလုပ်ရန်လည်းလိုကြောင်း၊ ထိုနည်းတူစွာ အချင်းချင်း ဆက်ဆံဆောင်ရွက်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ညီညွတ်ဖြစ်ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ ထို့ကြောင့် အချင်းချင်း တစ်ဦးကိုတစ်ဦးလေးစားပြီး မိမိတို့ ဆောင်ရွက်ရမည့်ကိစ္စများကို ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများကို မွေးမြူရန်လိုကြောင်း။

ပြောကြား

ထိုနည်းတူ တစ်ဦးနှင့် တစ်ဦး ဆက်ဆံသည့်နေရာတွင် လေးစားတန်ဖိုးထားပြီ မျှမျှတတခွဲခြားမှုမရှိဘဲ ချစ်ခင်ရင်းနှီးစွာ ဆောင်ရွက်ရန်လိုကြောင်း၊ လွှမ်းခြုံပြောရမည်ဆိုပါက မောင်တို့ မယ်တို့သည် နိုင်ငံ့သားကောင်း၊ သမီးမွန်များဖြစ်ပြီး မိမိတို့တစ်ဦးချင်း၏ အကျိုးစီးပွား၊ ဒေသ၏အကျိုးစီးပွား၊အများအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မောင်တို့ မယ်တို့ ကင်းထောက် လူငယ်များသည်လည်း ယခုဆွေးနွေးခဲ့သည့် အကြောင်းအရာများအပေါ်အခြေခံပြီး ဆောင်ရွက်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ခံယူကြောင်းနှင့်အသင်းကြီး၏ရည်ရွယ်ချက်ကို အခြေခံပြီး မောင်တို့၊ မယ်တို့တစ်ဦးချင်း အဖွဲ့လိုက်အနေဖြင့် ကြိုးစားဆောင်ရွက်ရင်း အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့်နေရာတွင် တကယ့်သားကောင်း၊ သမီးမွန်များအဖြစ် ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ကင်းထောက် လူငယ်အတွေ့အကြုံနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြပြီး ကင်းထောက် လူငယ်များအဖွဲ့ ကိုယ်စား ဆဋ္ဌမတန်းကျောင်းသူ မမြစန္ဒီစောနှင့် အဖွဲ့ခေါင်းဆောင် ဦးတင်ညိုတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကင်းထောက်လူငယ်လေ့လာရေးအဖွဲ့အား ပြည်သူ့ လွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ကင်းထောက်လူငယ်လေ့လာရေးအဖွဲ့အား ပြည်သူ့ လွှတ်တော်အစည်းအဝေးခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည့် အခမ်းအနားသို့ တက်ရောက်သူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ-စင်ကာပူ စီးပွားရေးဖိုရမ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် စင်ကာပူသမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် မြန်မာနှင့်စင်ကာပူနှစ်နိုင်ငံအကြား ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ယခုစီးပွားရေးဖိုရမ်သည် စဉ်ဆက်မပြတ် ညီမျှသော ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်သည့် အနာဂတ်တစ်ခုကို ဖန်တီးဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနှင့် စင်ကာပူနှစ်နိုင်ငံတို့အကြား ပိုမိုတိုးတက်ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်စေမည်ဟု မိမိအနေဖြင့် အလေးအနက်ယုံကြည်ပါကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Ballroom ၌ကျင်းပသည့် မြန်မာ-စင်ကာပူ စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ စီးပွားရေးအဖွဲ့အစည်းများအကြား သဘောတူစာချုပ်သုံးခုနှင့် နားလည်မှုစာချွန်လွှာနှစ်ခုတို့ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒေါ်ခိုင်ခိုင်နွယ်က မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် စီးပွားရေးအခွင့်အလမ်းများ အကြောင်းကို ဆွေးနွေးသည်။

ယနေ့ဖွင့်လှစ်သည့် International Enterprise (IE) Singapore ပြည်ပဌာနရုံးသည် စင်ကာပူနိုင်ငံရှိ ကုမ္ပဏီများ မြန်မာနိုင်ငံသို့ စိတ်ဝင်တစား လာရောက်ကြရန်နှင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိပ္ပာယ်ရှိသော စီးပွားရေးဆက်နွယ်မှုများ ယူဆောင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

စင်ကာပူ-မြန်မာစီးပွားရေးဖိုရမ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ Singapore Business Federation နှင့် စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ စင်ကာပူသမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Teo Ser Luck၊ မြန်မာ-စင်ကာပူနှစ်နိုင်ငံသံအမတ်ကြီးများ၊ Singapore Business Federation ဥက္ကဋ္ဌ Mr. Tony Chew နှင့် စင်ကာပူ-မြန်မာစီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

လက်ခံရယူခဲ့သည်။ ကြည်လင်းမှာမူ ရန်ကုန်အသင်း၏ AFC Cup ပြိုင်ပွဲနှင့် တိုက်ဆိုင်နေသောကြောင့် တက်ရောက်နိုင်ခဲ့ခြင်းမရှိပေ။ AFF မှ ရွေးချယ်ချီးမြှင့်ခဲ့သော အကောင်းဆုံးဆုများအနက်မှ ဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ လက်ရွေးစင်အမျိုးသားအသင်းဆုကို စင်ကာပူအသင်း၊ အမျိုးသမီးအသင်းဆုကို ဗီယက်နမ်အသင်း၊ ဖူဆယ်အသင်းဆုကို ထိုင်းအသင်း၊ အမျိုးသားနည်းပြဆုကို အေဗရာဟိုဗစ်ချ် (စင်ကာပူ)၊ အမျိုးသမီးအသင်း နည်းပြဆုကို ကူမာဒါ (မြန်မာ)၊ အမျိုးသားကစားသမားဆုကို ဘီရှက် (စင်ကာပူ)၊ အမျိုးသမီးကစားသမားဆုကို ဒန်သီထရန်(ဗီယက်နမ်) တို့က ရရှိခဲ့ပြီး လူငယ်ကစားသမားဆု၊ ဖူဆယ်ကစားသမားဆု၊ အလှဆုံးဂိုးဆု၊ ဒိုင်လူကြီးအကူ ဒိုင်လူကြီးဆု၊ တစ်သက်တာဂုဏ်ပြုဆုနှင့် အာဆီယံ သံတမန်ဆုတို့ကိုလည်း ရွေးချယ်ချီးမြှင့်ခဲ့သည်။ ထို့ပြင် အာဆီယံ အကောင်းဆုံးကစားသမား ၁၁ ဦးကိုရွေးချယ်ရာ မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ကြည်လင်းက အလယ်တန်း ညာအစွန်နေရာအတွက် ရွေးချယ်ခံခဲ့ရသည်။ ကြည်လင်းသည် နာမည်ကျော်အားကစား ဝက်ဘ်ဆိုက်ဖြစ်သည့် Goal.com မှ ကောက်ခံသည့် အကောင်းဆုံးဆုအတွက် ဆန္ဒမဲကောက်ခံရာတွင် မဲအများဆုံးရရှိခဲ့သော်လည်း AFF ၏ ဆုရွေးချယ်မှုတွင် ယင်းဆန္ဒမဲကောက်ခံမှုမှာ မပါဝင်ခဲ့ကြောင်း သိရသည်။ ကြည်လင်းမှာ မြန်မာပြည်သူများကြားတွင် အကောင်းဆုံးဆုရရှိမည်ဟု ရေပန်းစားခဲ့သော်လည်း AFF ၏ ဆုရွေးချယ်ရေး စည်းမျဉ်း၊ စည်းကမ်းများ၌ ပရိသတ်များဆန္ဒမဲပေးမှုကို ထည့်သွင်းထားခြင်းမရှိဘဲ သက်ဆိုင်ရာ ဆုရွေးချယ်ရေးကော်မတီ၏ ရွေးချယ်မှုအရ စင်ကာပူကစားသမား ဘီရှက်က ရရှိသွားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ၂၀၁၂ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှု မရရှိခဲ့သောကြောင့် ကြည်လင်းမှာ အမှတ်ပေးရာတွင် လျော့နည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးဆောင်သော အဖွဲ့သည် ဧပြီ ၃ ရက် နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုကို ရရှိခဲ့၍ လွန်စွာဝမ်းသာပါကြောင်း၊ အခုလို ဆုရရှိခဲ့ခြင်းမှာ အဖွဲ့ချုပ်အတွင်းရေးမှူး၊ အမှုဆောင်များနှင့်ဝန်ထမ်းများ၊ MNL ကလပ်ပိုင်ရှင်များ၊ ပရိသတ်များကြောင့် ဖြစ်ပါကြောင်း၊ ယင်းဆုကို ဖီဖာနှင့် AFC တို့က MFF ၏ လုပ်ဆောင်မှုများကို အသိအမှတ်ပြုပေးခဲ့ပြီး AFF က ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံတွင် ထိပ်သီးအဆင့် ရောက်ရှိလာရန် ယခုထက် ပိုမိုကြိုးစားရမည်ဖြစ်ကြောင်း၊ နည်းပြအုပ်ချုပ်သူများ၊ ပြိုင်ပွဲကြီးကြပ်သူများ၊ ဒိုင်လူကြီးများကို မွေးထုတ်ပေးရန် လိုအပ်သလို လူငယ်စီမံကိန်းများ၊ ဘောလုံးကွင်း အဆင့်မြှင့်တင်မှုများကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယခု ၂၀၁၃ ခုနှစ်အတွင်း ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်တွင် ဘောလုံးအကယ်ဒမီ ထပ်မံဖွင့်လှစ်ရန်ရှိပါကြောင်း၊ မိမိအနေဖြင့် ဘောလုံးကို အထူးအားပေးကြသည့် ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ပါကြောင်း" ဖြင့် ပြောကြားသည်။

အများအမှန်၊ အကောင်း အဆိုးခွဲခြားနိုင်အောင် စာကြည့်တိုက်ကို တည်ထောင်ပေးခဲ့ခြင်းဖြစ် စာကြည့်တိုက်ကို တန်ဖိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ခိုင်မာစေရန် ဝိုင်းဝန်းထိန်းသိမ်း

နေပြည်တော် မေ ၄

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေးတို့သည် မေ ၂ ရက် နံနက် ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မဟာဓမ္မ ကလျာဏီသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရေစကြိုမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်များမှ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လောင်းလှူပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်ဇနီးတို့သည် ရေစကြိုမြို့နယ် ရှင်မတောင်တောင်ပေါ်ရှိ ရှင်မတောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒောဘာသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် ပခန်းကြီးမြို့ဟောင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးအား ကြည့်ရှုလေ့လာပြီး ရေစကြိုမြို့နယ် ဆင်ချောင်းစံပြကျေးရွာ၌ ကျင်းပသော ဦးလူရှောင်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် သုတပဒေသာစာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်သည်။

စာကြည့်တိုက်ကို သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သီရိပျံချီ သူရဦးမြင့် မောင်နှင့် ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုနာယက ဦးအောင်စည် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူများ ဗဟုသုတတိုးတက်စေရန်နှင့် ပညာရည် မြင့်မားစေရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူတစ်ဦး၏ အနိမ့်ဆုံးအရည်အချင်းတစ်ရပ် အဖြစ် အများအမှန် ခွဲခြားတတ် အောင် အသိပညာရှိရန် လိုအပ်ကြောင်း၊ဒီမိုကရေစီအစစ်သည်အသိ တရားကင်းမဲ့သူတို့၏ လောကတွင် မရပ်တည်နိုင်ကြောင်း၊ ဒီမိုကရေစီ အတုသည် အလွန်အန္တရာယ်ရှိ ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်၏ အခြေခံဖြစ်သည့် ဥပဒေ၊ စည်းကမ်း နှင့်အညီ နေထိုင်ကျင့်သုံးဆောင် ရွက်တတ်စေရေးနှင့် အများအမှန် ကို ခွဲခြားဆင်ခြင်သုံးသပ်တတ်စေ ရေး စာပေကို ဖတ်ရှုလေ့လာကြရန် လိုကြောင်း၊ ဒီမိုကရေစီ၏ အလွန် ပါးလွှာသော နယ်နိမိတ်မျဉ်း၏ တစ်ဖက်၌ မင်းမဲ့စရိုက်ရှိနေသည့် အတွက် အသိတရားနှင့် ဆင်ခြင် တတ်စေရန်လိုကြောင်း၊ သို့ဖြစ်၍ စာဖတ်ရှိန်ကို ယခုထက်တိုးမြှင့်ကြ ရန်လိုကြောင်း၊ အများပြည်သူများ လေ့လာနိုင်စေရန် စာအုပ်အမျိုးမျိုး ကို အခမဲ့လေ့လာဖတ်ရှုနိုင်အောင် စီစဉ်ပေးထားကြောင်း၊ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စာသင်ကျောင်းနှင့်ကပ်လျက် ဖွင့် လှစ်ထားပေးကြောင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအပြင် စိုက်ပျိုး ရေးနည်းနာများအကြောင်း သိပါက တောင်သူလယ်သမားများအတွက် လုပ်ငန်းအထောက်အကူပြုမည် ဖြစ် ကြောင်း၊ အများအမှန်၊ အကောင်း အဆိုးခွဲခြားနိုင်အောင် စာကြည့်တိုက် ကို တည်ထောင်ပေးခဲ့ခြင်း ဖြစ်ပါ ကြောင်း၊ ဒေသခံပြည်သူများအနေ ဖြင့် မိမိတို့၏ ဘဝမြင့်မားအောင် စာဖတ်ရန်လိုအပ်ပါကြောင်း၊ ထို့ ကြောင့်ယခုစာကြည့်တိုက်ကို တန်ဖိုး ရှိရှိအသုံးချပြီး ရေရှည်တည်တံ့ ခိုင်မာစေရန် နောင်လာမည့်သားစဉ် မြေးဆက်တိုင် တန်ဖိုးထားစောင့် ရှောက်၍ ဝိုင်းဝန်းထိန်းသိမ်းသွား ကြရန်လိုကြောင်းဖြင့် ပြောကြား သည်။

ဆက်လက်၍ သီရိပျံချီ သူရ ဦးမြင့်မောင်နှင့် ပြည်ထောင်စုဝန်ကြီး တို့က စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်/စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ပြည်တွင်းသတင်း

ထို့နောက် ကျေးရွာစာကြည့် တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဦးသန့်ဇင်- သုဓမ္မသိဂီ ဒေါ်အေးအေး (ခ) ဒေါ်သန်းသန်း အေး "အောင်" မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဦးအောင်သန်း- ဒေါ်တင်မြင့်အောင် "အောင်သိဒ္ဓိ နံ့သာတိုင်လုပ်ငန်း"တို့က အလှူငွေ များကို တာဝန်ရှိသူများထံ ပေးအပ် လှူဒါန်းကြသည်။

ယခု ဦးလူရှောင်ဖောင်ဒေးရှင်း က တည်ဆောက်လှူဒါန်းသည့် သုတပဒေသာစာကြည့်တိုက်သည် အလျား ၃၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့်၁၂ပေရှိပြီး RC ကွန်ကရစ် အမျိုးအစားဖြစ်ကာ စုစုပေါင်း ငွေကျပ် ၇၅ သိန်း ကုန်ကျခံ၍ သီရိ ပျံချီ သူရဦးမြင့်မောင်နှင့် မိသား စုများက လှူဒါန်းကြောင်းသိရသည်။

အခမ်းအနားအပြီးတွင် သူရ ဦးမြင့်မောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့သည် ဆင်ချောင်းစံပြ ကျေးရွာ အခြေခံပညာအထက် တန်းကျောင်းခွဲ တစ်ထပ်ကျောင်း ဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပန့်သကူကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒိယအား လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ်၌ အဆင့်မြင့်ဆန်စက်များတည်ဆောက်

နေပြည်တော် မေ ၄

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအနီးရှိ တစ်နေ့ တန် ၇၀ ကျ ဆန်စက်တည်ဆောက် ရေးလုပ်ငန်း၊ ပုလဲသွယ်စပ်မျိုးစပါး ဧက ၅၀၀ စိုက်ခင်း၌ စပါးစိုက်ပျိုး နေမှု၊ စက်စက်ယိုရေလှောင်ဆည် ဆည် ရေသောက်စနစ်ဧက ၉၀၀ စက်မှု လယ်ယာမြေဖော်ထုတ်ရှင်းလင်းနေ မှု **(ဝဲပုံ)**၊ လက်တံမြောင်းများ ဖောက်လုပ်နေမှု၊ ကွန်ကရစ်လိုင်နင် စီခြင်းလုပ်ငန်း၊ ကျောက်စီခြင်း လုပ်ငန်း၊ အုတ်စီခြင်းလုပ်ငန်းနှင့် ရေလှောင်ဆည်၏ ရေသိုလှောင်သော နေရာတို့သို့ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးပြီး မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စပါးတင်း ၁၀၀ လျှင် တင်း ၄၀ အောက်သာထွက်ရှိသည့် ဆန်စက်ဟောင်းများ နေရာတွင် စပါးတင်း ၁၀၀ လျှင် အရည်အသွေး ကောင်း၊ဈေးကွက်တွင် ဈေးကောင်း ကောင်း ရောင်းချနိုင်ပြီး ဆန်သား စစ်စစ် ၆၀ ရာနှုန်းအထက် ရရှိ နိုင်သော ခေတ်မီဆန်စက်များ ပြောင်းလဲတပ်ဆင်ရေး အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေး ပုဂ္ဂလိက အခန်းကဏ္ဍအား တိုက် တွန်းအားပေးရန် လိုအပ်ကြောင်း။

ဆန်စက်များပြောင်းလဲအသုံးပြု ခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံခြားသို့ စပါးတင်ပို့မှုပမာဏကို လက်ရှိ တင်ပို့သည့် ၁ဒသမ ၄ သန်း ထက်နှစ်ဆတိုးတက်တင်ပို့ရန်အလျင် အမြန်ဆုံး နည်းလမ်းဖြင့် အကောင် အထည်ဖော်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် မေ ၄

မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွင်း ရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ PMCT Project နှင့် IPPF Project တို့မှ တာဝန်ရှိသူ များ၊ လက်ထောက်ဆရာဝန်များ၊ ဆရာမများ၊ နေပြည်တော်ကောင်စီ ကျန်းမာရေး ဦးစီးဌာနမှူး၊ ပုဗ္ဗ သီရိမြို့နယ် ခုတင် (၅၀) ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဆရာမများ၊ ပျဉ်းမနားမြို့နယ်ခုတင်(၂၀၀)ဆေးရုံ မှ မျက်စိအထူးကုဆရာဝန်ကြီး နှင့်အဖွဲ့၊ နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံမှ သွားဆရာဝန်များအဖွဲ့၊ နေပြည်တော် ကောင်စီနယ်မြေ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ပုဗ္ဗသီရိမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ၌ ပြည်သူလူထု အခြေပြု ရွေ့လျားကျန်းမာရေး ဆေးခန်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး လက် ထောက်ဆရာဝန် ဒေါက်တာနှင်း ရည်လှိုင်က အန္တရာယ်ကင်းသော မိခင်ဘဝရရှိစေရန် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူရန် လိုအပ်သည့် အကြောင်းနှင့် လက်ထောက် ဆရာဝန် ဒေါက်တာမျိုးမင်းဦးက သားဆက်ခြား နည်းလမ်းများကို ဟောပြောကြသည်။ **(ယာပုံ)**

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသော ကိုယ်ဝန် ဆောင်များအား အနှီးပိတ်၊ တစ်ခါ သုံးမွေးအိတ်နှင့် အိုင်အိုဒင်းဆား များကိုလည်းကောင်း၊ သက်ကြီးဘိုး ဘွားများအား အိုင်အိုဒင်းဆားများ နှင့်ဆပ်ပြာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။ ထို့ နောက် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေး ခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ် ပေးခြင်း၊ မျက်စိနှင့် သွားလူနာများ အား စစ်ဆေးကုသပေးခြင်း၊ အထွေ ထွေလူနာများအား ကြည့်ရှုစစ်ဆေး ပေးခြင်း၊ ညွှန်းပို့ရန် လိုအပ်သော လူနာများအား နီးစပ်ရာကျန်းမာရေး ဌာနများသို့ ညွှန်းပို့ပေးခြင်းနှင့် ချို့တဲ့ လူနာများအား ထောက်ပံ့ပေးခြင်း များ ဆောင်ရွက်ကြသည်။ အဆိုပါ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းမှ ပြုလုပ်သော ရွေ့လျားကျန်းမာရေး ဆေးခန်းကို World Health Ambassador (US) မှ Mr. Thein Minh Do နှင့်အဖွဲ့က လာရောက်ကြည့်ရှု လေ့လာခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

၆။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပ သက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် (၉၉%) ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ထိ ခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးများကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံ လိမ်း ဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုး ပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ် ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

မဟာသင်္ကြန်ရက်အတွင်း မထသ(ဗဟို) ခရီးသည်တင်ယာဉ်လိုင်းများပြေးဆွဲမည်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်း ရေးကြီးကြပ်မှုဗဟိုကော်မတီကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းအဖွဲ့အစည်း များက မေ ၁၃ရက်မှ မေ ၁၆ ရက် မဟာသင်္ကြန်ကာလအတွင်း ရန်ကုန် မြို့တော် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ယာဉ်လိုင်း ၁၅၃ လိုင်း၊ ယာဉ်စီးရေ ၂၀၁၉ စီးခန့်ဖြင့် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးဝေးသွားမည့် ပြည်သူများအတွက် မထသ (အဝေးပြေး)မှ ယာဉ်လိုင်း ၁၃ လိုင်း၊ နေ့စဉ် ယာဉ် စီးရေ ၂၈ စီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ယာဉ်စီးခနှုန်းထားမှာ မူလသတ်မှတ်ယာဉ်စီးခ နှုန်းထားအတိုင်း ဖြစ်ပြီး ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် ယာဉ်လိုင်း အဖွဲ့အစည်းများ ဖြစ်သော ရွှေညွှန့်သည်၊ မြို့တော်စည်ပင်၊ ရွှေအင်းဝ၊ စစ်မှုထမ်းဟောင်း (အတွင်း) နှင့် စစ်မှုထမ်းဟောင်း (အပြင်)၊ ဂျီအီးစီနှင့် မြန်မာ့သားကောင်းယာဉ်လိုင်းတို့မှာ မေ ၁၃ ရက်မှ မေ ၁၆ ရက်အထိ၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး (ပါရမီ) ယာဉ်လိုင်းမှာ မေ ၁၄ရက်မှ မေ ၁၆ ရက်အထိလည်းကောင်း ယာဉ်လိုင်းပြေးဆွဲမှု ရပ်နားထားမည်ဖြစ် သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ပြေးဆွဲလျက်ရှိသည့်ယာဉ်လိုင်းများ အားလုံး မေ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး မထသ (အဝေးပြေး) ခရီးဝေးသွားယာဉ်လိုင်း များမှာ မေ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) မှ စတင်ပြီး သတ်မှတ် ရက်များအတိုင်း ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော မဟာလောကရန်နိမ်အောင်တော်မူစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက် နံနက်က ကျင်းပရာ ဆပ်သွားဖူးတော်၊ ဖွန်းဘုံတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့အား မြလေယာဉ် မင်္ဂလာရထားပျံဖြင့် ဂန္ဓကုဋိတိုက်တော် အထွတ်အထိပ်သို့ ပင့်ဆောင်ကြစဉ်။ (၀၄၀)

သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး ဧပြီ ၄

အထက်မြန်မာပြည်လက်ရွေးစင်ဟောင်း ဘောလုံးသမားများ၏(၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် သက်ကြီးကန်တော့ခံဘောလုံးလက်ရွေးစင်ဟောင်း ၃၀၊ အသင်းဝင်ဘောလုံးလက်ရွေးစင်ဟောင်း ၅၅ ဦးတို့အတွက် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အားကစားအင်္ကျီ ၈၅ ထည်၊ ခမ္ဗလက်ဆောင်စာအုပ် ၈၅ အုပ်တို့ကို ဧပြီ ၂ ရက် ညနေပိုင်းက ဗထူးအထူးတန်း၌ အသင်းဥက္ကဋ္ဌဦးဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင်၊ အသင်းဝင်မြန်မာ့လက်ရွေးစင်ဟောင်း ဦးပေါက်စီတို့ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် အသင်းဝင်ဦးညိုဝင်း (ဝင်းရတနာကိတ်နှင့် ရေခဲမုန့်လုပ်ငန်း)ကလည်း ကန်တော့ခံများအတွက် အားကစားအင်္ကျီအထည် ၃၀ ကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကေဘယ်ဝိုင်ယာကြိုးနှင့် ကြေးနန်းကြိုးခိုးသူများ ဖမ်းမိ

နေပြည်တော် ဧပြီ ၄

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ဇေယျာသီရိ အဆင့်မြင့်အားကစားကွင်းအတွင်းမှ ကေဘယ်ဝိုင်ယာကြိုးခိုးသူများအား ဧပြီ ၁ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁ ရက်ည ၁၂ နာရီခွဲခန့်က ရွှေတွင်းကုန်းရဲစခန်းမှ ဒုရဲအုပ်ကျော်ဇေယျနှင့် အဖွဲ့သည် ဇေယျာသီရိအဆင့်မြင့်ကွင်းအတွင်းမှ လုံခြုံရေးဦးဝင်းမင်းဦး၊ ဦးတင်ဦးတို့နှင့်အတူ အဆင့်မြင့်အားကစားကွင်းအတွင်း လှည့်ကင်းဆောင်ရွက်စဉ် အဆင့်မြင့်အားကစားကွင်း တောင်ဘက် ကွန်ကရစ်လမ်းဆုံအနီးတွင် မိုးကျော် (၁၉) နှစ် ကျပန်းလုပ်သား ဗောဓိမြိုင်ကျေးရွာနေသူနှင့် ဖိုးချဲ (၂၁) နှစ် ကျပန်းလုပ်သား ဗောဓိမြိုင်ကျေးရွာနေသူတို့သည် အရှည်ငါးပေခန့်ရှိ မြေအောက် လျှပ်စစ်ကေဘယ်ဝိုင်ယာကြိုးတစ်ချောင်းနှင့်အတူ တွေ့ရှိရာ ၎င်းတို့ပိုင်ဆိုင်သော အထောက်အထားပြသနိုင်ခြင်းမရှိခြင်း၊ ညအချိန်မတော်တွေ့ရှိခြင်းကြောင့် သက်သေများ၏ရှေ့တွင် သိမ်းဆည်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လျှပ်စစ်ပစ္စည်း ကေဘယ်ဝိုင်ယာကြိုး ခိုးယူလာသူ မိုးကျော်နှင့် ဖိုးချဲတို့အား ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရောင်းချ

ဆက်လက်ပြီး ရွှေတွင်းကုန်းရဲစခန်းအမှုမှ မိုးကျော်နှင့် ဖိုးချဲတို့ နှစ်ဦးသည် လွန်ခဲ့သော နှစ်ပတ်ခန့်က ကျော်လင်းအောင် (၁၉)နှစ် ကျပန်းလုပ်သား ဗောဓိမြိုင်ကျေးရွာ ဇေယျာသီရိမြို့နယ်နေသူနှင့် ပူးပေါင်း၍ အလေးချိန် ၁၀ ပိဿာ ၅၀ ကျပ်သားခန့်ရှိ ကြေးနန်းကြိုး အမျှင်များကို ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ ဦးမျိုးဇော်အောင်၏ ဝင်းရတနာပစ္စည်းအဟောင်း ရောင်းဝယ်ရေးဆိုင်သို့ ရောင်းချခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရွှေတွင်းကုန်းရဲစခန်းက ကေဘယ်ဝိုင်ယာကြိုးနှင့် ကြေးနန်းကြိုးခိုးယူသူ မိုးကျော်၊ ဖိုးချဲနှင့် ကျော်လင်းအောင်တို့အား ဥပဒေအရအမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

ကိုကျော်ကြီး(မြန်မာ့အလင်း)

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်

အင်းတော် ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့မဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ အဆိုပါသရုပ်ပြလေ့ကျင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးရဲမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(ကျော်သီဟ)

မိတ္ထီလာ ဓာတ်အားလိုင်း ဓာတ်အားကြိုးနှင့် မီတာများ (အခမဲ့) အစားထိုးတပ်ဆင်ပေး

မိတ္ထီလာ ဧပြီ ၄

မိတ္ထီလာမြို့၌ ပြန်လည်ထူထောင်ရေးဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ငွေကျပ် ၄၃ သန်းကျော်ရှိသည်။ အဆိုပါ ပျက်စီးမှုတွင် ဓာတ်အားလိုင်းများ၊ ဓာတ်အားကြိုးများ၊ ဆက်စပ်ပစ္စည်းများမှာ ငွေကျပ် ၁၂ သန်းကျော်တန်ဖိုးရှိပြီး အိမ်သုံးမီတာ ၁၂၀၃ လုံးနှင့်ပါဝါမီတာ လေးလုံးတန်ဖိုးမှာ ငွေကျပ် သန်း ၃၀ ကျော် ပျက်စီးမှုရှိကြောင်း သိရသည်။

ယခုအခါ ချွတ်ယွင်းပျက်စီးသွားသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားကြိုးများနှင့်မီတာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ပြည်သူများထံမှ မည်သည့်အခကြေးငွေမျှ မတောင်းခံဘဲ (အခမဲ့) အစားထိုးပြန်လည်တပ်ဆင်ပေးလျက်ရှိသည်။

ယင်းသို့ပျက်စီးသွားသည့် ဓာတ်အားလိုင်းများ၊ ဓာတ်အားကြိုးများနှင့် မီတာများကို အခမဲ့ တပ်ဆင်ပေးနိုင်ခြင်းသည် ပြည်သူများထံမှ မီတာထိန်းသိမ်းစောင့်ရှောက်ခ ကောက်ခံရရှိထားသည့်ငွေကို ပြည်သူများအတွက် ပြန်လည်အသုံးချ ဆောင်ရွက်တပ်ဆင်ပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဦးမောင်(သဲကုန်း)

မီးဖိုမီး အခြားမီး သုံးပြီး သတိအမြဲရှိ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ နေပြည်တော် ပုံနှိပ်စက်ရုံနှင့် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ(ကျောင်းသုံးဖြတ်စ၊ ရိုက်ပျက်၊ Duplex Board ဖြတ်စ၊ ရိုက်ပျက်)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို ၅-၄-၂၀၁၃ရက်မှ ၉-၄-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း နေပြည်တော်(ရုံးချုပ်)၊ မန္တလေးပုံနှိပ်စက်ရုံ၊ နေပြည်တော်ပုံနှိပ်စက်ရုံတို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာများကို ၉-၄-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၈၊ ၀၆၇-၄၁၂၃၇၄၊ ၀၂-၆၂၉၃၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း

၅-၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အပ်ချုပ်စက်စက်ရုံ(ကျောက်ဆည်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန် ၈-၂-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၈-၄-၂၀၁၃ ရက်အထိ ရက်ထပ်မံတိုးမြှင့်ပါသည်။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇေယျအေး ၁၂/မဘန(နိုင်)၀၀၈၄၉၄၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၁၁၈၉၃**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဟေမာ ၅/ကလတ(နိုင်)၀၀၀၂၀၄၏ Passport No.M-264486 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးနိုင်ပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဒေါ်ဟေမာ ဖုန်း-၀၉-၈၆၀၁၀၄၄**



အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြို့ကုန်းကျေးရွာ ထ/ခွဲ နဝမတန်းတွင် ပညာသင်ကြားနေသော ဦးမြင့်ရွှေ၏သား မောင်စိုးထက်အောင်၏ အမည်မှန်မှာ မောင်စိုးထက်ယံဖြစ်ပါသည်။ **မောင်စိုးထက်ယံ**

ပျောက်ဆုံးကြောင်း

ကိုအောင်မျိုးထက် ၈/တတက(နိုင်)၁၅၈၇၉၉ ၏ PP NO.M. 008569 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၆၃၀၀၆**

ယူနန်ရုပ်မြင်သံကြားဌာနက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးလျက်ရှိ

ညောင်ဦး ဧပြီ ၄

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ရုပ်မြင်သံကြားဌာနက "ဒဏ္ဍာရီထဲက တေးကဗျာ"အမည်ရှိ မြန်မာနိုင်ငံပျူခေတ်၊ တရုတ်နိုင်ငံ ထန်မင်းဆက်ခေတ် ၈၀၂ ခုနှစ်၊ တရုတ်နိုင်ငံရောက် ပျူသံတမန်အဖွဲ့ ခရီးသွားမှတ်တမ်းကို ဇာတ်လမ်းကျောရိုးရယူထားသည့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို မတ် ၂၈ ရက် မှ ဧပြီ ၄ ရက်အထိ ပုဂံရှေးဟောင်းနယ်မြေဒေသတွင်လာရောက်ရိုက်ကူးလျက်ရှိသည်။**(ယာပုံ)**

ရိုက်ကူး

အဆိုပါ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တရုတ်နိုင်ငံမှ ဒါရိုက်တာမင်းသား Yu Rong Guang က ရိုက်ကူးတင်ပြမည်ဖြစ်ပြီး ထုတ်လုပ်သူသည် ယူနန်မှ Run Shi rong guang ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်ကြောင်း သိရသည်။ သရုပ်ဆောင်များအဖြစ် မြန်မာနိုင်ငံမှ ဘုရင်၊ မိဖုရားနေရာနှင့် နန်းတွင်းကိုယ်ရံတော် စစ်သည်နေရာများဖြစ်ကြောင်း၊ အဓိက သရုပ်ဆောင်များမှာ တရုတ်နိုင်ငံမှဖြစ်ပြီး တောင်ကိုရီးယားမှ မင်းသမီးတစ်ဦးပါဝင်ကြောင်း၊ ၄င်းရုပ်သံအဖွဲ့အနေဖြင့် ပျူခေတ်ဇာတ်လမ်းရိုက်ကူးခြင်းဖြစ်သော်လည်း ပုဂံဒေသမှာ ပျူခေတ်၏ အငွေ့အသက်များ အများဆုံးကိန်းအောင်းနေခြင်းကြောင့် ပုဂံဒေသကို ရွေးချယ်ရိုက်ကူးရခြင်း ဖြစ်ကြောင်း၊ အဓိက လိုအပ်သော ဇာတ်ဝင်ခန်းများကို ပုဂံဒေသတွင် ရိုက်ကူးပြီး အချို့ဇာတ်ဝင်ခန်းများကို ယူနန်ပြည်နယ် ရွှေလီမြို့၌ စတူဒီယိုအဆောက်အအုံများ ဆောက်လုပ်၍ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ရဲသူအောင် (ညောင်ဦး)

ရေဦးမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရေဦး ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့၌ ပေါ့ဆမီးကြောင့် နေအိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက် ည ၁၂ နာရီ ၅ မိနစ်က စအစ် (ခ) ဦးခင်မောင်ဆန်း အောင်ဆန်းရပ်ကွက် ၁၁ လမ်း ဆိတ်သားသတ်လုပ်ငန်းလုပ်ကိုင်သူသည် မိသားစုနှင့်အတူ အိပ်မောကျနေစဉ် မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်များမှ မီးစတင်လောင်ကျွမ်းကာ လူနေအိမ်နှင့် တိရစ္ဆာန်တဲများသို့ပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ထိုသို့ မီးလောင်ကျွမ်းနေစဉ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဒုတိယရဲမှူး မြင့်လွင်၊ စခန်းမှူး မောင်မောင်မြင့်နှင့် နယ်ထိန်းခေါင်းဆောင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမျိုးအောင်၊ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် မီးသတ်ကားနှစ်စီးနှင့်အတူ စည်ပင်ရေစည်ကားအပါအဝင် ဒေသခံပြည်သူအင်အား ၅၀၀ ခန့်ဖြင့် ဝိုင်းဝန်း မီးငြိမ်းသတ်ကြရာ နံနက် ၁၂ နာရီ ၅၅ မိနစ်၌ မီးညွန့်ကျိုးပြီး နံနက် ၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ကျွမ်းမှုတွင် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။ စုစုပေါင်း လူဦးရေ ၂၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၈၀၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထောက်ပံ့

အဆိုပါ မီးဘေးဒုက္ခသည်များအား ရေဦးမြို့ အောင်ဆန်းရပ်ကွက် အမက(၄)၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကာ အောင်ဆန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းဦးမိသားစုက အိမ်ထောင်စုလေးစုအတွက် ဆန်တစ်အိတ်စီ ထောက်ပံ့ပေးခဲ့ပြီး မြို့နယ်အနေဖြင့် မီးဘေးဒုက္ခသည်များအား ဆက်လက်ကူညီထောက်ပံ့ပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

သန်းထိုက်(ပြန်/ဆက်)

ဖမ်းဆီးရမိ ကျွဲ၊ နွားများအား တောင်သူများသို့ မဲနှိုက်ရောင်းချ

အင်းတော် ဧပြီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဧပြီ ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသော တောင်သူများအား ဖမ်းဆီးရမိသော ကျွဲ ၁၅ ကောင်နှင့် နွား ၁၉ ကောင်ကို မဲနှိုက်ရောင်းချခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ရောင်းချပွဲသို့ တောင်သူ ၇၇ ဦး တက်ရောက်ခဲ့ပြီး ကြိုတင်စာရင်းပေးသွင်းကာ မဲနှိုက်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါရောင်းချပေးသော ကျွဲ၊ နွားများသည် ဖမ်းဆီးရမိထားသော သက်သေခံပစ္စည်းများဖြစ်ပြီး တရားမဝင်ကူးသန်းရောင်းဝယ်လျက်ရှိသော ကုန်သည်များထံမှ ဖမ်းဆီးရမိထားခြင်းဖြစ်သည်။ "အခုလို မဲဖောက်ပေးတော့ ကျွန်တော်တို့လို သုံးစွဲမယ့်လူတွေအတွက် ကောင်းတာပေါ့ဗျာ။ ဈေးနှုန်းကတော့ နွားဆိုရင် ၁၀၀၀၀၀၊ ကျွဲဆိုရင် ၁၂၀၀၀၀ နဲ့ရောင်းပေးပါတယ်။ ဘာပဲပြောပြော တစ်သိန်းကျော်ကျော်လောက်နဲ့ရတာဆိုတော့ မဆိုးဘူးလေ" ဟု အဆိုပါ ရောင်းချပွဲတွင် ပါဝင်ခဲ့သော တောင်သူတစ်ဦးက ပြောပြသည်။

အင်းတော်မြို့နယ်သည် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအစွန်နှင့် ကချင်ပြည်နယ်အစပ်တွင်တည်ရှိပြီး ကျွဲ၊ နွား တရားမဝင်ရောင်းဝယ်သူများ ဖြတ်သန်းသွားလာလျက်ရှိသည့် နယ်မြို့လေးတစ်မြို့ဖြစ်သည်။ အမှန်တကယ်အသုံးပြုမည့် တောင်သူများအား ယခုကဲ့သို့ရောင်းချပေးသည့်အတွက် မဲပေါက်တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရှိရသည်။ **(ကျော်သီဟ)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

သဘာဝတောမီးကြောင့် ဇလီဖားတုံးများ မီးလောင်ကျွမ်း စက်ခေါင်းမောင်းနှစ်ဦးကြောင့် ရထားမတော်တဆဘေးမှ လွတ်မြောက်

ကျောက်မဲ ဧပြီ ၄

မန္တလေး-လားရှိုးလမ်းပိုင်းရှိ တာပုလဲနှင့် သီပေါဘူတာကြားတွင် မတ် ၃၁ ရက်က သဘာဝတောမီးလောင်ကျွမ်းမှုကြောင့် တံတားသံပေါင်အောက်ရှိ ဇလီဖားတုံးများကို မီးကူးစက် လောင်ကျွမ်းခဲ့ရာ အတွေ့အကြုံရှိသော စက်ခေါင်းမောင်းနှစ်ဦး၏ ကြိုးပမ်းမှုကြောင့် ရထားမတော်တဆဘေးမှ လွတ်မြောက်ခဲ့ရကြောင်း စုံစမ်းသိရှိရသည်။

မတ် ၃၀ ရက် ညနေ ၆ နာရီခန့်က မန္တလေးမှလားရှိုးသို့ စက်ခေါင်းမောင်း ဦးဝင်းတင် (ခ) ဦးအီးတီ မောင်းနှင်လာသော ၁၃၁ အဆန် လူစီးရထားသည် သီပေါနှင့်တာပုလဲကြား မိုင်တိုင်အမှတ် ၅၁၇/၆-၅၊ တံတားအမှတ်(၄၂၈)ကို တံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် ရထားတစ်စင်းလုံးခါရမ်းသွားမှုကို မသင်္ကာဖွယ် သတိထားမိသဖြင့် ရထားကို အရှိန်လျှော့မောင်းနှင်ခဲ့ပြီး ရုံပိုင်(တာဝန်ခံ) သီပေါဘူတာထံသို့ စာတိုပေးပို့အကြောင်းကြားခဲ့သည်။ နောက်နေ့တွင် ပြန်လည် မောင်းနှင်လာမည့် စက်ခေါင်းမောင်းကိုလည်း သတိထားမောင်းနှင်ရန် အကြောင်းကြားခဲ့သည်။

မတ် ၃၁ ရက်က လားရှိုးမှ မန္တလေးသို့ စက်ခေါင်းမောင်း ဦးစောမြကြည် မောင်းနှင်လာသော ၁၃၂ အစုန်လူစီးရထားသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ၎င်းတံတားအနီးသို့ ရောက်ရှိခဲ့သည်။ တံတားပေါ်သို့ မိုင်နှုန်းသတ်မှတ်ချက်ဖြင့် မောင်းနှင်ရန် သတိပေးစာတိုရရှိခဲ့သော်လည်း စိတ်ချရမှုမရှိသဖြင့် ရထားကို ရပ်တန့်စစ်ဆေးခဲ့ရာ တံတားသံပေါင်အောက်ရှိ ဇလီဖားတုံးများ မီးလောင်ကျွမ်းပျက်စီးနေသည်ကို တွေ့ရှိရသည်။ ယင်းဖြစ်စဉ်ကို သီပေါဘူတာရုံပိုင်(တာဝန်ခံ)မှတစ်ဆင့် အအန(၁) သံလမ်းဌာနသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ အကြောင်းကြားချက်အရ သီပေါဘူတာမှ အငယ်တန်းအင်ဂျင်နီယာ(၂)ဦး သိန်းမြင့်နှင့် သံလမ်းလုပ်သားများက အချိန်မီလာရောက်၍ မီးလောင်ကျွမ်းပျက်စီးနေသော ဇလီဖားတုံးခြောက်တုံးကို ဖယ်ရှားလဲလှယ်ပေးခဲ့သည်။ ၁၃၂ အစုန် လူစီးရထားသည် လေးနာရီခန့် နောက်ကျခဲ့သည်။ မွန်းလွဲ ၁ နာရီကျော်တွင် ခရီးသည်များ ဘေးကင်းစွာဖြင့် ယင်းတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်နိုင်ခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရထားပေါ်တွင် စီးနင်းလိုက်ပါသော ခရီးသည်များက ရထားမတော်တဆမှု ဘေးမှကင်းဝေးစေရန် တာဝန်ယူကြိုးပမ်းထမ်းဆောင်ခဲ့သော စက်ခေါင်းမောင်းနှစ်ဦးတို့အား ဝမ်းမြောက်ဝမ်းသာချီးကျူးဂုဏ်ပြုကြကြောင်း သိရသည်။ အဆိုပါ မန္တလေး-လားရှိုးမီးရထားလမ်းပိုင်းတွင် ယခုနှစ်ဆန်းပိုင်းမှစ၍ ပြည်တွင်းခရီးသည်များနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များပါ ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များသို့ စီးနင်းလိုက်ပါလေ့ရှိကြောင်း သတင်းရရှိသည်။

ကိုကို(ကျောက်မဲ)

ပြောင်းလဲသင့်ပြီဖြစ်သော မြိတ်လေဆိပ်

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးပြီး အေးချမ်းသာယာအောင် အဘက်ဘက်က ဆောင်ရွက်လျက်ရာဒေသ ငြိမ်းချမ်းသာယာလာသည်နှင့်အမျှ ယခင်ညဘက် ဖြတ်သန်းသွားလာခြင်း ခွင့်မပြုထားသော မော်လမြိုင်-မုတ္တမ ကူးသံလွင်တံတားကြီးကို ၂၄ နာရီ ဖြတ်သန်းခွင့် ရရှိနေပြီဖြစ်သည်။ ယခင်က မြိတ်မှ ရန်ကုန်သို့မော်တော်ယာဉ်ဖြင့် ခရီးသွားလာရာတွင် ထားဝယ်မြို့၌ တစ်ညအိပ်ရပ်နားရာမှ ဆက်လက်ထွက်ခွာနေကြရသဖြင့် ထားဝယ်မြို့တွင် ထပ်မံကုန်ကျသည့် တည်းခိုခန်းစရိတ်၊ ထမင်းစရိတ်များ သက်သာခဲ့ပြီဖြစ်ပါသည်။ မြိတ်မြို့ လေဆိပ်သည် မြန်မာ့လေကြောင်း လေယာဉ်များ၊ ကမ္ဘောဇအေးရှားဝင်း၊ အဲပုဂံ၊ အဲမန္တလေး၊ ရန်ကုန်အဲယားဝေးလေယာဉ်များ ဆင်းသက်သည့် လေဆိပ်ဖြစ်သည်။ ယခင်ကာလက လေယာဉ်စီးနင်းပါက လေယာဉ်လက်မှတ်ခသာ ပေးဆောင်ရသော်လည်း ယခုအခါ လေဆိပ်ဝန်ဆောင်မှုအတွက် ခရီးသည်တစ်ဦးလျှင် ကျပ် ၁၀၀၀ နှုန်းကောက်ခံသည်။ ထိုသို့ ကောက်ခံသော်လည်း လေဆိပ်၏ ဝန်ဆောင်မှုမှာ လိုအပ်ချက်များရှိနေသည်ကို တွေ့ရသည်။ ရန်ကုန်လေဆိပ်တွင် ခရီးသည်များ ပို့ဆောင်သည်ကို လေဆိပ်အဆောက်အအုံထိ ပို့ဆောင်၍ ရရှိသော်လည်း မြိတ်လေဆိပ်တွင်တော့ မရရှိပါ။ ခရီးသည်ပို့/ကြိုသူများမှာ လေဆိပ်ရှေ့ စည်ပင်သာယာပိုင်လမ်းမတွင် ပို့/ကြိုနေရသည်။ **(အပေါ်ပုံ)** လုံခြုံရေးဂိတ်မှာ စည်ပင်ပိုင်လမ်းမ၏ဘေး လေဆိပ်ခြံစည်းရိုးအစပ်တွင် ပြုလုပ်ထားသည်။ ယခုတော့ လုံခြုံရေးဂိတ်တစ်ခုတည်းရှိ၍ ပို့/ကြိုသူများ လမ်းမဘေးတွင် နေရာယူကြသဖြင့် မကြာခဏ လမ်းပိတ်ဆို့မှုဖြစ်ပါသည်။ လေယာဉ်ကွင်းဘေးလမ်းမှာ မြိတ်မြို့သို့နယ်မြို့များမှ ဝင်/ထွက်သွားလာသော မော်တော်ယာဉ်များ အသုံးပြုသည့်လမ်းဖြစ်သည်။ လုံခြုံရေးတာဝန်ကျသူများမှာလည်း အဆင်ပြေသူများကို မော်တော်ယာဉ် ပါဝင်ခွင့်ပြုပြီး အဆင်မပြေသူများကိုတော့ လူကိုပင် ဝင်ခွင့်မပြုသည်ကို တွေ့မြင်နေရသည်။ အများပြည်သူ ဝန်ဆောင်မှုအနေဖြင့် ဒုတိယလုံခြုံရေးဂိတ်ကို ယခုလက်ရှိတည်ရှိနေသော အခပေးသန့်စင်ခန်း၏ တည့်တည့်လောက်တွင် စစ်ဆေးပြီး ယခုတည်ရှိသော လုံခြုံရေးဂိတ်နှင့် ထပ်မံထားရှိမည့် ဒုတိယလုံခြုံရေးဂိတ်တို့အကြားတွင် မြေညှိပြုပြင်ပြီး ပို့/ကြိုသူများအတွက် ဆောင်ရွက်ပေးပါက သင့်တော်မည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

မိုးသောက်(မြိတ်)

ဂန့်ဂေါသို့ ရုပ်ပွားတော် ပင့်ဆောင်ပူဇော်

ဂန့်ဂေါ ဧပြီ ၄

ချင်းပြည်နယ် ဟားခါးမြို့ စေတဝန်တောရစာသင်တိုက်တွင် တည်ထားကိုးကွယ်ပူဇော်နိုင်ရန် မန္တလေးမြို့မှ မတ် ၂၇ ရက်တွင် စတင်ပင့်ဆောင်သည့် မရဝိဇယမဟာမြတ်မုနိရုပ်ပွားတော်သည် မတ် ၃၁ ရက်တွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်သို့ ရောက်ရှိကာ အပူဇော်ခံခဲ့သည်။

အဆိုပါ ရုပ်ပွားတော်ကို မန္တလေးမြို့တောင်စလင်းတိုက်နယ်စပ်နှင့် တောင်တန်းသာသနာပြုပြဟ္မာစိုရ်ဆရာတော် ဦးတိက္ခက ဦးဆောင်၍ ပင့်ဆောင်ခဲ့ပြီး ဘုရားဒါယကာ၊ ဒါယိကာမများမှာ ဦးသူတော်-ဒေါ်ခင်စိန်တို့ဖြစ်ကြောင်း သိရသည်။ ရုပ်ပွားတော်သည် ဉာဏ်တော်အမြင့် ၁၂ ပေ ၆ လက်မရှိ၍ ၃၈၃ ရက် ကြာသွန်းလောင်းခဲ့ရပြီး ကြေးနီ၊ ကြေးဝါ၊ သွပ်၊ ခဲမဖြူနှင့် ရွှေသတ္တုများဖြင့် သွန်းလောင်းသည့် ပဉ္စလောဟာရုပ်ပွားတော်ဖြစ်ကြောင်း၊ မတ် ၂၈ ရက်က စစ်ကိုင်းမြို့နယ် ရွာတိုရွာ၊ မတ် ၂၉ ရက်က ပုလဲမြို့၊ မတ် ၃၀ ရက်က ဂန့်ဂေါမြို့နယ် ကျောရွာတို့တွင် အပူဇော်ခံရပ်နားခဲ့ကြောင်းနှင့် လမ်းတစ်လျှောက်ထည့်ဝင်လှူဒါန်းပူဇော်ငွေကျပ်သိန်း ၅၀ ကျော်ရရှိပြီးဖြစ်ကြောင်း ပင့်ဆောင်ရေးအဖွဲ့အကျိုးတော်ဆောင် ဦးမျိုးဝေက ပြောကြားသည်။ (၁၀၁)

နေပြည်တော်၊ ပျဉ်းမနားမြို့ ဦးမင်းဒင်ရပ် ပထမမူလ ကသစ်ဝိုင်ဓမ္မရိပ်သာ

ဒုတိယအကြိမ်မြောက် မဟာသင်္ကြန် ဒုလ္လဘရဟန်းခံ(၇)ရက်စဉ်

ဝိပဿနာအလုပ်ပေးတရားပွဲကြီး ကျင်းပမည်

ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ်တရားတော်များကို ပျဉ်းမနားမြို့၊ ဦးမင်းဒင်ရပ် ကသစ်ဝိုင်ကျောင်းတိုက် ဓမ္မရိပ်သာကြီးတွင် နာယကဆရာတော် အရှင်ကဥ္စနသာရ(မဟာကမ္မဋ္ဌာနာစရိယ)ကြီးမှူး၍ ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်(၁၁-၄-၂၀၁၃)ရက်မှ တန်ခူးလဆန်း ၇ ရက်(၁၇-၄-၂၀၁၃)ရက်အထိ နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူကြမည်ဖြစ်ပါ၍ တရားဝင် တရားအားထုတ်ကြမည့် ဒုလ္လဘသံဃာတော်များနှင့် တရားပတ်ကြီးအတွင်း ဆွမ်း ဘောဇဉ်များကို ထောက်ပံ့လှူဒါန်းလိုသော စေတနာရှင် ဒါယကာ ဒါယိကာမ အပေါင်းတို့သည် ရိပ်သာ ဖုန်း-၀၉-၄၉၂၉၁၃၄၁၊ ဒုတိယဥက္ကဋ္ဌဦးတင်မောင်အေး ဖုန်း-၀၉-၄၉၂၁၅၉၀၅၊ အတွင်းရေးမှူး(၁) ဦးသိန်းဇံ ဖုန်း-၀၉-၄၂၁၇၁၀၆၅၀၊ ၀၆၇-၂၂၄၇၇၊ အတွင်းရေးမှူး(၂) ဦးထွန်းထွန်းအောင် ဖုန်း-၀၉-၄၃၁၂၀၇၉၃၊ ၀၆၇-၂၂၁၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့
ပထမမူလကသစ်ဝိုင်ဓမ္မရိပ်သာ
ပျဉ်းမနားမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၃ခုနှစ် မေ ၁၅ ရက်အတွင်း **အဆိုပြုလွှာ**များတင်သွင်းနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၆၆၆/က၊ မြေ ကွက်တည်နေရာ ၆၆၆၊ ရွှေအုတ်ဂူ (၅)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်နုရင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည် ပေါက် မိခင်ဒေါ်နုရင်နှင့် ဖခင်ဦးငွေဂိုင်တို့ ကွယ်လွန်သဖြင့် ဦးချစ်စိုး ၁၂/သကတ(နိုင်) ၀၅၂၆၂၉၊ ဒေါ်မြင့်မြင့်စိန် ၁၂/သကတ(နိုင်) ၀၅၁၉၉၂ တို့က သားသမီးများတော်စပ် ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ တိုင်း ကျန်းမာရေးဦးစီးဌာနပြန်စာ၊ ရပ်ကွက်နှင့် မြို့နယ်ထောက်ခံစာများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၂၁၈၊ မြေကွက်တည် နေရာအမှတ် ၂၁၈၊ ၁၂လမ်း၊ ပုသိမ်မြေ၊ ဒေါပုံမြို့နယ် ဦးသောင်းလှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးသောင်း လှိုင်(ဖခင်)နှင့် ဒေါ်ခင်ညို(မိခင်)တို့ကွယ်လွန် သဖြင့် ဦးအောင်သူရ၁၂/ဒပန(နိုင်)၀၀၇၈၃၂၊ ဦးနိုင်လင်းအောင် ၁၂/ဒပန(နိုင်)၀၄၆၄၄၀၊ ဒေါ်သန္တာမွန် ၁၂/ဒပန(နိုင်)၀၄၆၄၃၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန် လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ကားရောင်းမည်

2004, MITSUBISHI CANTER, LIGHT TRUCK, 1.25 TONS, 4WD 4DOORS, DIESEL (MANUAL)

ဂျပန်ကား

ဖုန်း-၀၉-၇၃၁၂၈၂၀၆

သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း ၉၀ ပြည့်မွေးနေ့ အမှတ်တရ စာတမ်းဖတ်ပွဲ ဖိတ်ကြားလွှာ

နံနက်ပိုင်း ၉း၀၀ မှ ၁၂း၀၀ ထိ ဖတ်ကြားမည့်စာတမ်းများ

(၁) ဒေါက်တာခင်လှဟန် - Reminiscence of Dr Than Tun

(၂) ဦးစိုင်းခမ်းမိုင်း - ရှမ်းစာနှင့် သင်ကြားရေး

(၃) ဒေါက်တာခင်အေး - ဆရာကြီးဒေါက်တာသန်းထွန်းနှင့် မြန်မာစာပေတာစုတာစေတင်း

(၄) ဦးနီထွတ် - ပဒ္မ သံသယာရာစ

ညနေပိုင်း ၁း၀၀ မှ ၄း၀၀ ထိ ဖတ်ကြားမည့်စာတမ်းများ

(၅) ဦးထုံအောင်ကျော် - တကသဥက္ကဋ္ဌ ကိုသန်းထွန်း

(၆) ဦးစိန်မြင့် - ရေလမ်းကုန်းလမ်းဆက်သွယ်မှုနှင့် မြို့တို့၏ကုန်သွယ်ရေး

(၇) ဒေါက်တာစံရွှေ - မြန်မာ့ရေးပေယာင်းအမွေအနှစ် ဆိုင်ရာတည်တံ့ရေး

(၈) ဒေါက်တာကျော်ဝင်း - မြန်မာမင်းများအမှာတော်ပုံ လေ့လာဆန်းစစ်ချက်

(၉) ဒေါက်တာတိုးလှ - ကုန်းဘောင်ခေတ် ပုဂံမြို့နယ် လူမှုစီးပွားရေးသမိုင်း

နေ့ရက်　၆ ဧပြီ ၂၀၁၃ (စနေ)　　**စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ပါသည်။**

နေရာ　K-Restaurant အမှတ်(၃)၊ ဗိုလ်စိန်လမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်၊ ရန်ကုန်။

လှိုင်သာယာမြေ(၃)ကွက် ရောင်းရန် အင်းစိန်ကြိုးတံတားအဆင်းတွင်ရှိ

၁။ (ပေ၄၅×၆၀ပေ) ဂုတ်ကွက်၊ ဂရန်မြေ(၁)ထိပ် ကျပ်သိန်း ၉၅၀။

၂။ (ပေ၄၅×၆၀ပေ)ပါမစ်မြေ ထောင့်ကွက်၊ တံတားဖြူ ကျပ်သိန်း ၉၀၀။

၃။ ပေ(၂၀×၆၀)ဂရန်မြေ လမ်းမကြီးနှင့်နီး(၅)ထိပ် ကျပ်သိန်း ၅၀၀။

ဖုန်း-၀၉-၇၃၂၃၉၇၃၅
၀၉-၄၂၀၁၁၅၅၈
၀၉-၄၁၂၀၁၃၅၈၈

@Fidonet Computer Distribution

1000-1136TU
Intel® Corei3-2328 (2.2GHz)
Intel HD Graphic
2GB DDR3 Ram
500GB SATA HDD
14" LED HD Display
365000-KS

Intel® Core-i3-2120(3.3GHz)
Biostar H61 MU3
Seagate 500GB (SATA)
pqi 2GB DDR3 RAM
ATX Casing with 700W P/S
Asus DVD (SATA) Writer
ViewSonic 18.5"-LED Monitor
(Nippon KB + Sonic Mouse)
358500-KS

1050 Deskjet Printer
Print,Scan,Copy
46000-KS

ML-2165 Laser Printer
Legal Ready
56000-KS

No.(7), 87th Street, Mingalar Taung Nyunt Township　Tel : 01-394494, 09-73102727, 09-73207685

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၃၊ မြေကွက်အမှတ် ၂၄၅၉၊ မြေကွက်တည်နေရာအမှတ် ၂၄၅၉၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြည်မြင့် ၁၂/မရက(နိုင်)၀၉၃၉၅၉ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးကြည်မြင့်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ဝေပုလ္လ(၁)လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအောင်တင် အက်စ်ကေကြူအမ်-၀၄၆၃၁၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအောင်တင်၊ မိခင် ဒေါ်လှရီ ကွယ်လွန်သဖြင့် ဦးစိုးဝင်း ၁၂/ဥကမ(နိုင်)၀၁၃၄၇၅က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တပင်ရွှေထီးလမ်းကြေး၊ လူနေရပ်ကွက်အမှတ်-(အဆင့်-၄)၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆(ခ)၊ မြေကွက်အမှတ် (၁၇၄၉+၁၇၅၀)၊ ဧရိယာ(၀.၀၇၀)ဧက၊ မြေအကျယ်အဝန်း (၆၁/၆၂'× ၅၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်သူ ဦးမြင့်ကြည် ၁၂/လသတ(နိုင်)၀၂၂၇၉၀ (G/RGN-၀၀၉၆၁၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်လီလီအေး ၁/စနန(နိုင်)၀၀၀၀၁၆ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
LL.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.
အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁ ၂၇၈၂၈

အများပိုင်ကုမ္ပဏီဖွဲ့စည်းပြီးကြောင်းကြေညာခြင်း

ရွှေထနောင်းဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှု အများပိုင်ကုမ္ပဏီလီမိတက်၊ အမှတ် ၄၀၃၊ ကွန်ဒို(အေ)၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ရုံးတွင်းမှတ်ပုံတင်အမှတ် ၃၉၁၉/၂၀၁၂-၂၀၁၃ (၁၉-၁၂-၂၀၁၂)ရက်ဖြင့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ရက် စာအမှတ် ရက-၈(ဂ)၀၀၁/၂၀၁၂ (၂၀၅၈၇)ဖြင့် ထုတ်ပေးပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကုမ္ပဏီကိုယ်စား
ဦးတင်လတ် (အဆိုပြုဒါရိုက်တာ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၈၄၊ မြေကွက်တည်နေရာအမှတ် ၈၄၊ ၁၆ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဦးခင်မောင်တင့် ၁၂/သဃက(နိုင်)၀၆၅၂၄၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်တင့် ကွယ်လွန်သဖြင့် ဒေါ်ခင်ဆွေလှ ၁၂/သဃက(နိုင်)၀၆၅၁၃၅ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏ အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဒေါ်စန်းမြင့် + ၁	၁၂/သဃက(နိုင်) ၀၃၅၁၄၂	၆၁၆၊ ဝေဠုဝန် ၃-လမ်း၊ ဝေဠုဝန်ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဦးကျော်သောင်း	၁၂/သဃက(နိုင်) ၁၃၄၆၆၃	၇၄၊ ပြည်တော်သာလမ်း၊ (ခ)ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဒေါ်မြသန်း	၁၂/သဃက(နိုင်) ၀၀၉၇၇၈	၂၂ ခိုင်သဝင်လမ်း (အမျိုးသားကြီးစက်လမ်း) (ဆ/က)ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ဆဲ
၄	ဒေါ်စိမ်းမြမြအေး+၃	၇/ပခန (နိုင်) ၂၃၉၂၇၇	၉၁/၉၂/၉၃၊ ရတနာသုခလမ်း၊ (ဆ/က)ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်ခိုင်ဝါဝင်း	၁၂/ဥကတ (နိုင်) ၀၀၀၁၅၅	၃၂၈၊ အောင်တံခွန်လမ်း (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်-(မြောက်ပိုင်း)	၁-ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၆	ဒေါ်ခင်သန်း	၁၄/ကလန(နိုင်) ၀၂၆၅၂၈	၂၉၁/ ၃၃၊ အေးချမ်းသာယာလမ်း အလယ်ရွှေဂုံတိုင်-ရပ်ကွက်၊ ဗဟန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်သန်းသန်းဌေး	၁၂/ရပသ (နိုင်) ၀၆၄၅၂၄	၉၆၆၊ ဘီးလင်းလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာ	၁-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦးညီညီစိုး + ၁	၁၂/ဗဟန (နိုင်) ၀၄၀၉၇၃	၆၄၇၊ ဘူတာရုံလမ်းသွယ်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်	၂-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်သူဇာဦး	၁၂/ဥကမ (နိုင်) ၀၈၅၇၀၃	၁၀၀၅၊ သန္တာ ၁၀-လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပ	၂-ထပ်တိုက်+Steel ဆောက်လုပ်ရန်
၁၀	ဒေါ်တင်တင်ဝင်း	၁၂/ဒဂမ (နိုင်) ၀၁၈၅၅၆	၄၇၅၊ ရွှေယင်းမာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်း	၁-ထပ်အုတ်ညှပ် ဆောက်လုပ်ရန်
၁၁	ဦးဝင်းရီ	၁၂/လမန (နိုင်) ၀၇၇၈၀၂	၄၇၈၊ သီရိ ၃-လမ်း (၂)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဦးသန့်ဇင် (ခ) ဦးခင်စိုး	၁၂/ဥကမ (နိုင်) ၀၉၃၇၅၄	၈၈၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဦးမိုးကျော်	၁၂/ဗဟန (နိုင်) ၀၄၃၆၀၈	၅/ခ၊ ဗိုလ်ညာဏလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်း	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦးဌေးဦး	၁၂/လမန (နိုင်) ၀၉၆၇၃၁	၂၄၊ ဧယျာဝတီလာ ၁-လမ်း (၁)ရပ်ကွက်၊ လှိုင်	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဦးချစ်လှိုင်	၁၂/သဃက(နိုင်) ၀၇၂၉၇၄	၁၆၁၊ ရတနာမဏ္ဍလမ်း ဆ/က ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်ဖိဖိ	၁၂/သကတ(နိုင်) ၀၄၆၃၅၆	၉(က)၊ ဇော်မလမ်း (၅)ရပ်ကွက်၊ သာကေတ	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၇	ဦးကြည်ဇော်ထွေး	၁၂/ဥကတ(နိုင်) ၀၇၅၁၄၁	၁၇၈၊ ဝေဠုဝန် ၈-လမ်း၊ ဝေဠုဝန်ရပ်ကွက်၊ သယ်န်းကျွန်း	၃-ထပ်တိုက် ဆောက်လုပ်ရန်

ဌာနမှူး အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာချက်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်း ၁၉၊ ၂လမ်း၊ အမှတ် ၁၅၁နေ ဒေါ်ခိုင်ခိုင်လွင် (ဘ)ဦးတင်အေး ၇/ပခန(နိုင်)၁၇၁၂၆၄၊ အလပြ၊ အလက-၇၊ ဥဿာမြို့သစ်နေသူနှင့် ဦးသိန်းအောင်(ဘ)ဦးမောင်ရှိန် ၇/ပခန(နိုင်)၂၁၅၅၂၄ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သားနှစ်ဦးထွန်းကားခဲ့ပါသည်။ ခင်ပွန်း ဦးသိန်းအောင်မှာ ၂၀၀၈ခုနှစ် ဇူလိုင်လမှစတင်၍ ယနေ့ထက်တိုင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားကာ နေအိမ်သို့ပြန်လာခြင်း၊ လင်မယားအဖြစ်ပေါင်းသင်းခြင်း၊ မိသားစုအားလုပ်ကိုင်ကျွေးမွေးခြင်း၊ ထောက်ပံ့ခြင်းလည်း မပြုတော့ပါ။ ဦးသိန်းအောင်မှာ မွန်ပြည်နယ်ဘက်၌ နောက်အိမ်ထောင်ပြု၍ နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်ခိုင်ခိုင်လွင်နှင့် ဦးသိန်းအောင်တို့မှာ အလိုအလျောက် လင်ခန်း၊ မယားခန်း၊ ပြတ်စဲပြီးဖြစ်သည့်အပြင် ကျွန်မနှင့်သားနှစ်ဦးတို့ နေထိုင်ပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သည့် နေအိမ်မြေကွက်နှင့် ဖြစ်ထွန်းလာသည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့သည် ဦးသိန်းအောင်နှင့်မည်သို့မျှ သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစောရိုဝယ်ဘတင် LL.B
(စဉ်-၃၆၃၃၅)

ဒေါ်ခိုင်သဉ္ဇာအောင် LL.B
(စဉ်-၄၀၉၃၂)

ဦးမြင့်လွင်ရွှေ V.A, LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၅၅)
(၆၉)၊ မြို့ရှောင်လမ်း၊ ၁၉ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

အထက်တန်းရှေ့နေများ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအဆောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	လျှောက်ထားသည့် မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဦးခင်ငြိမ်း	၁၂/လမတ(နိုင်)၀၂၉၃၅၆	တာမွေ	၃၈	V.၄၂၅	ဦးခင်ငြိမ်း	၂၅ ဦးလွန်းလမ်း အင်းကုန်းရပ်ကွက်	ဂရန်သက်တမ်းတိုး
၂။	ဒေါ်ခင်ဝင်း	၁၂/ဗဟတ(နိုင်)၀၁၂၈၂၉	ဒဂုံတောင်	၁၈	၁၁၀၃	ဦးသိန်းဖေ	၁၁၀၃၊ ကျွန်းရွှေမြိုင်(၆)လမ်း (၁၈)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၃။	ဒေါ်သန်းသန်းအေး	၁၂/သဃက(နိုင်)၁၀၂၁၀၈	ဒဂုံတောင်	၁၅၃	၂၂၇၄	ဦးမန်းဝင်းသန်း	၂၂၇၄ (၁၅၃)ရပ်ကွက်၊ ဒဂုံတောင်	ဂရန်သစ်
၄။	ဒေါ်စိစိအောင် (ခ) ဒေါ်လီယာမေရီ	၁၂/မဂတ(နိုင်)၀၀၅၀၃၇	မင်္ဂလာတောင်ညွန့်	၁၂-ဓက	V ၁၄	ဒေါ်သက်သက်ဝင်း	၆၂ (၅၁)လမ်း တန်ဆောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်	အမည်ပြောင်း
၅။	ဒေါ်ရွှေကြည်	၁၂/ဥကမ(နိုင်)၀၉၅၃၃၅	ဒဂုံမြောက်	၄၇	၂၈၅	[illegible]	၂၈၅ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်	ဂရန်သစ်
၆။	ဒေါ်မေကျွန်း	၁၂/ဥကမ(နိုင်)၀၈၉၄၃၉	မြောက်ဥက္ကလာပ	၁၃/ရွှေပေါက်ကံ	၁၃၁	ဒေါ်ခင်စန်းမြင့်	၁၃၁ ဓမ္မာလမ်း (၁၃)ရွှေပေါက်ကံ	ဂရန်သစ်
၇။	ဒေါ်သန်းစိန်	၁၂/ရကန(နိုင်)၀၅၂၈၅၉	မြောက်ဥက္ကလာပ	ည	၄၀ ၁/၂	ဒေါ်ခင်ရီ	၄၀၊ ဈေး(၁၁)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ	အမည်ပြောင်း
၈။	ဦးရန်တာမောင်	၁၃/လခန(နိုင်)၀၅၂၉၈၃	ဒဂုံဆိပ်ကမ်း	၇၉	၂၇၉	[illegible]	၂၇၉ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၉။	ဦးအောင်သိန်း + ၁	၁၂/လမန(နိုင်)၁၁၀၈၉၂	ဒဂုံအရှေ့	၆	၁၂၂၆	ဒေါ်မာလာထွန်း	၁၂၂၆ ကြံ့ခိုင်ရေး(၁)လမ်း (၆)ရပ်ကွက်၊ ဒဂုံအရှေ့	အမည်ပြောင်း
၁၀။	ဦးကျော်စိ	၉/မရမ(နိုင်)၀၄၆၄၆၉	အလုံ	၃/တို့ရဲ	၁၇၃	ဦးအောင်ခင်	၁၇၃၊ မွေ့သုခလမ်း	ဂရန်သစ်
၁၁။	ဦးကျော်ရွှေ + ၁	၁၂/သဃက(နိုင်)၀၆၅၆၃၂	တောင်ဥက္ကလာ	၉	၁၄၂/ခ	ဦးချိုအောင်	၁၄၂/ခ သုခ(၃)လမ်း တောင်ဥက္ကလာ	အမည်ပြောင်း
၁၂။	ဒေါ်ခင်စမ်းမြင့်	၁/မညန(နိုင်)၀၇၆၇၉၉	ဒဂုံဆိပ်ကမ်း	၈၁	၄၆၇	ဒေါ်လှလှအေး	၄၆၇ (၈၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၃။	ဒေါ်ခင်စမ်းမြင့်	၁/မညန(နိုင်)၀၇၆၇၉၉	ဒဂုံဆိပ်ကမ်း	၇၉	၄	ဦးသန်းဟင်း	၄ (၇၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၄။	ဒေါ်ခင်လေး	၁/မကတ(နိုင်)၀၂၈၄၂၉	တောင်ဥက္ကလာပ	၁၁	၃၁၄/က	ဦးစိုးမြင့်	၃၁၄/က၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ	အမည်ပြောင်း
၁၅။	ဦးလင်းဝင်းထွန်း	၁၂/ကမရ(နိုင်)၀၃၆၈၀၃	ကမာရွတ်	၈၁	၆ ဘီ/၃-က	ဒေါ်ခင်ခင်အုန်း	၅၃၁ မာလာမြိုင်ရိပ်သာ မြည်လမ်း	အမည်ပြောင်း
၁၆။	ဦးခင်ကျော်လတ် + ၁	၁၂/အစန(နိုင်)၀၂၆၀၈၃	ဒဂုံတောင်	၆၄ စက်မှုဇုံ	၃၆၉	ဦးတင်ရှိန်	၃၆၉၊ အောင်ကြီးလမ်း (၆၄)ရပ်ကွက်	အမည်ပြောင်း
၁၇။	ဒေါ်ရှောရှရှိန်	၅/ကဘလ(နိုင်)၁၃၀၀၈၄	ဒဂုံမြောက်	၃၉/B	၁၄၂	ဦးသန်းဆွေ (၂)	၁၄၂ [illegible]လမ်း (၃၉/B)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဦးမောင်ကြိုင်	၁၂/လမတ(နိုင်)၀၂၈၆၅၉	လမ်းမတော်	၂၂ ဒိုင်	V.၂၆	ဒေါ်ကလေး + ၁	၀၀၇ [illegible]လမ်း	[illegible]
၁၉။	ဒေါ်အေးအေးနွဲ့လှိုင် + ၁	၁၂/တမန(နိုင်)၀၃၁၈၅၇	ဗဟန်း	၃၆ I	၁၁၂A/၆A-၁A + ၁၁၂A/၆A-၁B	ဒေါ်တင်ဦးမြင့်ရွှေ + ၁	၇/A၊ ရွှေဂုံတိုင်(၁)လမ်း	အမည်ပြောင်း
၂၀။	ဦးပေါ်ဝင်းရွှန်း	၁၂/မဂတ(နိုင်)၀၈၀၃၅၈	မြောက်ဥက္ကလာ	၁၉/၁	၂၂၆	ဦးအောင်ဝင်း	၂၂၆ [illegible]လမ်း ရွှေပေါက်ကံ	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်ခိုင် (အုတ်ဖို)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်ခိုင် (အုတ်ဖို)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၀၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်[ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာန]-ဒေါ်မိမိခိုင်တို့၏ဖခင် ဦးမောင်ခိုင်သည် ၃-၄-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန)- ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

ဝမ်းနည်းကြေကွဲခြင်း

ဦးရွှမ်ထန် (ပ/၃၇၈၆)၊ (လ/ထ ညွှန်ကြားရေးမှူး)

ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး

ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးရွှမ်ထန် အသက်(၅၉)နှစ်သည် ထန်တလန်မြို့၌ ၃၁-၃-၂၀၁၃ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးသန်းကို၊ ဦးညွန့်ဝေနှင့် စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၄)သင်တန်း အမှတ်စဉ်(၁/၂၀၁၂)မှ သူငယ်ချင်းများ

ဦးအောင်ချို (သစ္စာဒီပက ယောဂီ)

အသက်(၅၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဦးဘိုကျွန်းကျေးရွာနေ (ဦးချစ်လှိုင်)-ဒေါ်အေးသောင်းတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ ၁၁လမ်း၊ အမှတ် ၂၁၀နေ (ဦးထွန်း-ဒေါ်တင်အေး)တို့၏သားသမက်၊ ဦးကျော်ငွေ-ဒေါ်တင်မေ၊ (ဦးသိန်းဦး)-ဒေါ်သီတာတို့၏ညီ/မောင်၊ ဦးအောင်ကို၊ ဦးအောင်သူတို့၏အစ်ကို၊ ဒေါ်အေးအေးလှိုင်၏ခင်ပွန်း၊ ဒေါက်တာကျော်မင်းဦး (သက်တန့်ချို)-ဒေါ်ချိုချိုဝင်း၊ မအိဇာခြည်ထွန်းတို့၏ဖခင်သည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ချို (သစ္စာဒီပက ယောဂီ)

အသက်(၅၁)နှစ်

Health For All အလှအပနှင့် ကျန်းမာရေးမဂ္ဂဇင်းနှင့် ရှင်မတောင်စာပေတို့၏ တာဝန်ခံအယ်ဒီတာ စာရေးဆရာ ဒေါက်တာကျော်မင်းဦး(သက်တန့်ချို) ဖနီး ဒေါ်ချိုချိုဝင်းတို့၏ဖခင် ဦးအောင်ချို (သစ္စာဒီပက ယောဂီ)သည် ၃-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲကြရပါသည်။

Health For All အလှအပနှင့်ကျန်းမာရေးမဂ္ဂဇင်း ရှင်မတောင်စာပေ

ဦးစိန်လှမောင်

ငွေစာရင်းအရာရှိ(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

အသက်(၇၈)နှစ်

မိတ္ထီလာမြို့၊ အမှတ် ၁၁၀၊ ၆လမ်းနှင့် ယုဇနလမ်းထောင့်၊ ပြည်သာယာရပ်ကွက်နေ ဒေါ်ခင်ဝင်းမြင့် (စာရင်းကိုင်-၁၊ ငြိမ်း၊ ဆည်မြောင်း)၏ခင်ပွန်း၊ မခင်သီဂီဝင်း (စိန်ခြယ်စတိုးနှင့် ဖြန့်ချိရေး)၊ မယုစန္ဒာဝင်း (လ/ထမန်နေဂျာ၊ ဒု-ဘဏ်ခွဲတာဝန်ခံ၊ ဧရာဝတီဘဏ်၊ မိတ္ထီလာ)တို့၏ဖခင်သည် ၂၈-၃-၂၀၁၃ ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးဝင်းနိုင် (လှည်းကူးမြို့)

အထက်တန်းရှေ့နေ

အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဒါးပိန်လမ်းခွဲနေ (ဦးမြညွန့်-ဒေါ်ကြည်)တို့၏သား၊ (ဦးချစ်လှိုင်-ဒေါ်ဖွားမြိုင်)တို့၏သားသမက်၊မင်္ဂလာဒုံမြို့နယ်နေ ဦးသန်းဝင်း-ဒေါ်ကျော့ကျော့စိုး၊ လှည်းကူးမြို့နေ ဦးညွန့်ဝေ၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်ခင်စန်းဝေ(ဦးစီးအရာရှိ၊ မုံရွာမြို့)တို့၏ညီ/မောင်၊ ဒေါ်ဝါဝါဝင်းသန်း၏အစ်ကို၊ မချစ်စုဝေနိုင်၊ မောင်တိုးတက်ဝေနိုင်၊ မချောအိဝေနိုင်တို့၏ဖခင်၊ ကိုသီဟ-မသဇင်သန်းဝင်းတို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒါးပိန်လမ်းခွဲနေ ဒေါ်နုနုဝေ၏ခင်ပွန်းသည် ၄-၄-၂၀၁၃ရက် နံနက် ၁၁း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၃ရက် မွန်းလွဲ၁နာရီတွင် လှည်းကူး၊ ပြည်တော်သာရပ်ကွက်၊ ဒါးပိန်လမ်းခွဲ ဦးဝင်းနိုင်-ဒေါ်နုနုဝေတို့၏ နေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမင်းအောင်

အသက်(၇၀)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးဖိုးကွန့်-ဒေါ်ခလေးမ)တို့၏သား၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ ဆည်မြောင်းဝင်း၊ အမှတ် ဘီ-၁၅(ခ) နေ ဒေါ်ခင်နွဲ့ရီ(ဆည်မြောင်း၊ ငြိမ်း)၏ ခင်ပွန်း၊ ကိုဟန်ညွန့် (ဆည်မြောင်း)-မနန္ဒာယဉ်နွဲ့ (ဆည်မြောင်း၊ ရုံးချုပ်)၊ ကိုကျော်ဇေယျ(ခ)ကျားလေး (ဆည်မြောင်း)-မမိုးမိုး၊ ကိုဇော်ရဲထွဋ်-မခိုင်သဇင်ဦးတို့၏ဖခင်၊ မောင်အောင်ဘုန်းမြတ်၏အဘိုးသည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးစန်းယု (ရုံးအုပ်)

ညွှန်ကြားရေးမှူးရုံး၊ဆ/မဦးစီးဌာန မော်လမြိုင်မြို့

အသက်(၅၂)နှစ်

မတ္တရာမြို့နယ်၊ လက်ပံလှကျေးရွာနေ (ဦးညိုကြီး - ဒေါ်တင်အေး)တို့၏သား၊ မန္တလေးမြို့နေ (ဦးမိုက်ကယ်-ဒေါ်နော်မီလုခ်)တို့၏သမက်၊ မော်လမြိုင်မြို့၊ ကြာအင်း ဆ/မဝင်းနေ ဒေါ်ဂျက်စင်တာ၏ခင်ပွန်း၊ ဦးသင်း၊ ဦးအောင်ဝင်းတို့၏ညီ၊ ဦးစန်းငွေး၏အစ်ကို၊ မောင်ဇင်မင်းထွန်း၏ဖခင်သည် ၄-၄-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက် မွန်းလွဲ ၂ နာရီတွင် ကြာအင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်မေမေသန်း

Mrs. May Pedroni

(Nee) Minus (မာမီကြီး)

ရုံးအုပ်(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်အမှတ်-၂၀၁၊ အခန်း ၂နေ (ဦးချစ်ဝင်း၊ Francisco Pedroni)၏ဇနီး၊ ဦးချစ်ကိုကို(Capt-ရေလုပ်ငန်း၊ ငြိမ်း)-ဒေါ်ပြုံး၊ ဦးမောင်မောင်ဝင်း (NYK၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်နွဲ့၊ ဒေါ်ချစ်ချစ်ဝင်း Judy (အလပြ၊ ငြိမ်း)-ဦးသန်းမောင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်ရီရီဝင်း Annette (အကောက်ခွန်ဦးစီးဌာန)-ဦးတင်မောင်စိုး Dicky Soe၊ ဒေါ်သန်းသန်းဝင်း Angue-ဦးမြင့်သန်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၄-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးမောင်ခိုင် (အုတ်ဖို)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၅/၈၊ ဇာတိမာန်လမ်းနေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး-၈)-ဒေါ်မိမိခိုင်၊ ဦးအောင်နိုင်ဦး-ဒေါ်နှင်းနှင်းအေး၊ ဒေါက်တာရဲထွဋ်ဦး-ဒေါ်ချိုချိုထွန်းတို့၏ဖခင်သည် ၃-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၅၀နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်လတ် (ပဲခူး)

(လ/ထ ကြီးကြပ်ရေးမှူး၊ ငြိမ်း) ပဲခူးတိုင်းဒေသကြီး၊ပညာရေးမှူးရုံး

အသက်(၇၆)နှစ်

ပဲခူးမြို့၊ဟသ်ာကုန်းရပ်နေ(ဦးဂျော်နီ-ဒေါ်သင်းစိန်)၏သား၊ ရန်ကုန်မြို့နေ (ဦးကျင်မာ - ဒေါ်မြအေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊အမှတ် ၂၆ နေ ဒေါ်အေးအေးမြင့် (မူ/ပြ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းတင့်ဟန်(ခ)ဘိုဘို-ဒေါ်ဝေဝေအောင်၊ ဦးရဲနိုင်-ဒေါ်ခင်ချိုဆက်(ခ)ဒေါ်ဥမ္မာ(ပစ်တိုင်းထောင် ကုန်မာဆိုင်)၊ (ဦးတင့်အောင်ကျော်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

ဦးခင်မောင်ပေါ်

(ရွှေနဒီကုမ္ပဏီ)

အသက်(၆၁)နှစ်

(ဦးဘိုစိန် - ဒေါ်တင်ရီ)တို့၏သား၊ ဦးစိုးထွန်း - (ဒေါ်ကျင်ကျင်ဝင်း)တို့၏မောင်၊ ဦးခင်မောင်ကျော်-ဒေါ်ခင်စန်းရီတို့၏ညီ၊ ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ အတွင်းရေးမှူး ဦးချစ်ခိုင်၏သူငယ်ချင်းသည် ၃-၄-၂၀၁၃ရက် ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကား နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၇၀၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုရဲအုပ်သစ်ဆွေ

လ-၁၆၁၆၁၁

အပတ်စဉ်(၃၀)

အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီးမှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းရပ်ကွက်၊ ပေတရာပိုင်းနေ (ဦးဟန်သိန်း) - ဒေါ်အုန်းပိုင်တို့၏သားကြီး၊(ဦးကောင်းရင်)-ဒေါ်ခင်ထွေးတို့၏ သားသမက်၊မမိုးမြတ်ခိုင်၏ခင်ပွန်း၊ မပိုးယုဆွေ(B.N.Sc)၊ မောင်ရဲသီဟတို့၏ဖခင်သည် ၁-၄-၂၀၁၃ရက် (တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၃ရက်တွင် မှော်ဘီမြို့နယ် တပ်ကြီးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးသိန်း

ဒုအရာခံဗိုလ်(ငြိမ်း) (ခန္တီးမြို့)

အသက်(၈၃)နှစ်

ခန္တီးမြို့၊ မြို့မရပ်နေ (ဒေါ်လှမြိုင်)၏ခင်ပွန်း၊ဇီးဖြူကုန်းရပ်ကွက်နေ ဦးကျော်ဇော် (စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ)-ဒေါ်လှလှသိန်း၊ ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်နေ ဦးခင်မောင်သိန်း (GEwin) - ဒေါ်အေးအေးသိန်း (စိုက်ပျိုးရေးဦးစီးဌာန)၊ မန္တလေးမြို့နေ ဦးအောင်သန်း-ဒေါ်လှဲ့လှဲ့သိန်း၊ ခန္တီးမြို့၊ မြို့မရပ်ကွက်နေ ဦးမင်းသိန်း-ဒေါ်အမာဖြူ (ဦးခိုင်သိန်း)တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၂-၄-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ခန္တီးမြို့ ဇီးဖြူကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းမြ

အသက်(၆၇)နှစ်

(ဦးလှမောင်-ဒေါ်နှင်းယုံ)တို့၏သမီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အမှတ် ၁၀၆၊ ကမ္ဘာအေးဘုရားလမ်း၊ အထက (၂) ဗဟန်းကျောင်းဝင်းနေ (ဦးစံထွန်း)၏ဇနီး၊ ဦးအောင်နိုင်ဝင်း-ဒေါ်အေးအေးထွန်း(ပြည်ခိုင်ဖြိုးပါတီဌာနချုပ်)၊ မနော်စေးဖော(New Vision Media)၊ စောသန်းထွန်း(အငယ်တန်းစာရေး၊အထက-၂၊ ဗဟန်း)တို့၏မိခင်၊ မမေမိုးဦး၊ မဖူးမြတ်ခြယ်တို့၏အဘွားသည်၃-၄-၂၀၁၃ ရက် ည ၈း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၄-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အမှတ် ၆၀၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင် နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတိုးလွင်(ခ) ပါပါကြီး (ဗဟန်း)

ရွှေတိဂုံဘုရားအရှေ့မုခ်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၈၆ B1နေ(ဦးတင်ညွန့်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးအေးမောင်-ဒေါ်ကျင်မြိုင်)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဦးစိုးဦး-ဒေါ်သီတာလွင်၊ ကိုအောင်ဆန်းလွင် - မအိဇာဖြူတို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းကြည်

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊နိဗ္ဗာန်လမ်း၊ အမှတ် ၁၅/အေနေ (ဦးသာဒင်-ဒေါ်ကြေးညွန့်)တို့၏သမီးကြီး၊ (ဦးအုန်းမောင်)၏ဇနီး၊ ဦးမင်းနိုင်-ဒေါ်ခင်အေးကြူ၊ဦးသိန်းစိုး-ဒေါ်ဘေဘီ၊ ဦးရန်အောင်-ဒေါ်တင်တင်မြင့်၊ (ဦးကျော်ဝင်း)၊ ဒေါက်တာမဋ္ဌုဒွေး (UK)၊ဒေါ်ကြည်ကြည်မြင့်(UK)၊ ဦးမိုးသက်ကို - ဒေါ်ကလျာနိုင်တို့၏မိခင်၊ ကိုသက်နိုင်ဦး - မသင်းသင်းလွင်၊ ကိုသက်နိုင်ထွေး-မဂျူလိုင်၊ ကိုသန့်စင်ငွေး(Uniteam)-မသင်းနွယ်စိုး၊ မခိုင်စပါယ်စိုး(Square Co., Ltd.)၊ မဇင်နွယ်နွယ်စိုး(Myint & Associates Co., Ltd.)၊ မစင်သီယာစိုး၊ မအိအိရန်အောင် (Myint & Associates Co., Ltd.)၊ မခေမာမဋ္ဌုဒွေး၊ မောင်သီဟထက်နိုင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၄-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်မြ(ခ)ရှာအွန်နာ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၃၅နေ [ဦးခေါ်ကျင်စီ(ခ)ခေါ်ရှာကျန်လု-ဒေါ်ဂေါ်အော်လျက်] တို့၏သမီး၊ [ဦးယွန်တိတ်ရှု(ခ)ဦးစောလွင်]၏ဇနီး၊ ဒေါ်ပို့ပို့၊ ဦးဟုတ်ကြိမ်-ဒေါ်တင်တင်၊ ဦးတင်အောင်-ဒေါ်ရင်ရင်အေး၊ ဦးတင်သန်း-ဒေါ်စိန်ကြည်ဝင်း၊ ဦးသိန်းနိုင်-ဒေါ်လျှောက်ရင်၊ ဒေါ်တင်ဝင်း၊ ကိုလုစွမ်-ဒေါ်ပိုလန်၊ ဦးသိန်းညွန့်(ခ)ကိုအာရော-ဒေါ်မြမြစိမ်း(ခ)မငယ်ငယ်တို့၏မိခင်၊မြေး ၁၈ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည် ၃-၄-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမ

ဒေါ်ပန်းကြည်(ခ) ဒေါ်တလိုင်း (မုတ္တမ၊ ကျွဲခြံ)

အသက်(၈၁)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ ကျွဲခြံကျေးရွာတောင်ပိုင်းနေ (ဦးရွှေရည်-ဒေါ်သိန်းရွှေ)တို့၏သမီး၊ [ဦးထွန်းသွင်(ခ)ဦးသံချောင်း]၏ဇနီး၊ ဒေါ်သန်းဝေ၊ ဦးစိုးသိန်း-ဒေါ်သန်းအေး၊ ဒေါ်မြဝေ၊ဦးအောင်ညွန့်ဝင်း-ဒေါ်မြမြဦး၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်ညွန့်ညွန့်သီ၊ ဦးဝင်းဆွေ-ဒေါ်သန်းသန်းခိုင်၊ ဦးဝင်းထွဋ်-ဒေါ်သွယ်သွယ်အေး၊ ဦးကျော်မင်းနိုင်-ဒေါ်မြမြသီတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊အမှတ် ၁(ငါးလွှာ)နေအိမ်၌ ၄-၄-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃-၄-၂၀၁၃ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၉)ပါ ဒေါ်မြင့်မြင့်ကြည် အသက်(၇၇)နှစ်၏နာရေးပါ အိမ်အမှတ် ၃၅၁/၁၃အစား အိမ်အမှတ် ၃၅၄/၁၃ဟု ပြင်ဆင်ဖတ်ရှုပါရန်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ

သကျသီဟဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

သက်တော်(၈၀)၊ သိက္ခာတော်(၆၀)

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြတောင်ကျောင်းတိုက်၊ သာသနာ့ဂုဏ်ရည် ဇမ္ဗူအေးစာချကျောင်း ပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒာဘိဝံသသည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက်) ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မြတောင်ကျောင်းတိုက် သာသနာ့ဂုဏ်ရည် ဇမ္ဗူအေးစာချကျောင်း၌ သာစုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီး ကြာနီကန်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိ ဈာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်တပည့်သံဃာတော်များ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအာဒိစ္စ

သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

ပျဉ်းမပင်(သုဓမ္မာ)ပဝါရဏာဂိုဏ်းကြီး၏နာယက

သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု ကိုးလုံးကွင်းကျေးရွာ၊ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စသည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) ၂-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ရှိန်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ကိုးလွှာ(A)၊ အမှတ် ၂၅၅/၂၅၇နေ (ဦးဆာမိ)၏ဇနီး၊ (ဦးအောင်လွင်)-ဒေါ်ခင်လှရွှေ(ဦးဇော်ဇော်ဦး)-ဒေါ်မြမြဝင်း၊ ဦးမြင့်လွင်-ဒေါ်လှလှဝင်း၊ ဒေါ်မြမြရွှေ၊ (ဦးအောင်မိုး)-ဒေါ်ငွေးငွေးဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်မြမြညို၊ ဦးကျော်သူရ-ဒေါ်စိုးစိုးအေးတို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၃-၄-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

ဦးအောင်ကြိုင်

MPPE (ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အမှတ် ၄၇၊ သုခလမ်း၊ (၃၇) ရပ်ကွက်နေ (ဦးလွန်းတင်-ဒေါ်အေးကြင်)တို့၏သား၊ (ဦးကြာဇံ-ဒေါ်တင်ရှိန်)တို့၏သားသမက်၊ ဒေါ်သန်းသန်းအေး၏ခင်ပွန်း၊ ဦးကြည်ဆွေ-ဒေါ်မြမြဝင်း၊ ဦးခင်ဇော်-ဒေါ်အေးအေးသက်၊ ဦးဇော်လင်းအောင်-ဒေါ်နှင်းလွင်၊ ဦးရဲမင်းဟန်-ဒေါ်အေးအေးအောင်၊ ဦးဇော်လင်း-ဒေါ်ချိုချိုအောင်၊(ဦးအောင်ကျော်မိုး)၊ ဦးမျိုးမင်းအောင်-ဒေါ်ဇာခြည်သန်း၊ ဦးဇော်မိုးအောင်-ဒေါ်ထက်ထက်အောင်၊ ဦးသူရကျော်ခေါင်-ဒေါ်အေးသန္တာတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးသည် ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၄၅နာရီတွက် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည်(ခ) ဒေါ်ရှုကြည်

အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃/ကရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၄၀နေ (ဦးမောင်စိန်-ဒေါ်ကျင်အေး)တို့၏သမီး၊ (ဦးလုံး-ဒေါ်ယဉ်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်)-ဒေါ်သန်းကြည်၊ (ဦးကြီးမြင့်)-ဒေါ်ခင်မြမြ၊ (ဦးမောင်မောင်ဇင်) - ဒေါ်မြင့်ကြည်၊ (ဦးမောင်မောင်တင်)-ဒေါ်ညွန့်ညွန့်မြိုင်၊ ဦးသန်းထွန်း-ဒေါ်ညိုညိုဝင်း၊ ဦးစောမောင်မောင်-(ဒေါ်မြမြထွေး)၊ ဦးအောင်ညီလွင်-ဒေါ်ခါးလာတို့၏အစ်မ၊ မသင်းသင်းအေး၊ ဒေါက်တာမျိုးဆွေ (MO၊ ရတနာ့မေတ္တာအဖွဲ့)တို့၏မိခင်၊ ဦးထွေးမောင်၏ဇနီးသည် ၄-၄-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဦး

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄) ရပ်ကွက်၊ အမှတ် ၃၈၊ ၉လမ်း(ငါးလွှာ) နေ (ဦးစောမောင်-ဒေါ်အေးမြိုင်)တို့၏ သားကြီး၊ ဦးတင်မောင်-ဒေါ်လုံးတို့၏ သားသမက်၊ ဒေါ်ကြည်လေး၏ခင်ပွန်း၊ ကိုထိန်လင်းဦး (ခေတ္တ-မလေးရှား)၊ ကိုမျိုးအောင်-မစန္ဒာသန်းဦး၊(ကိုသန့်ဇင်ဦး)၊ (ကိုသက်လှိုင်ဦး)-မစန်းစန်းခိုင်တို့၏ဖခင်၊ (ဦးအေးမြင့်-ဒေါ်ခင်သန်းလတ်)၊(ဦးဉာဏ်အောင်)-ဒေါ်သင်းသင်းနု၊ ဒေါ်ခင်မာဆွေ၊ ဦးမောင်မောင်လွင်၊ ဒေါ်မိမိချို(အထက-၅၊ အလုံ)၊ ဦးမောင်မောင်တင်(မြန်မာ့မီးရထား)-ဒေါ်အေးမမတို့၏အစ်ကိုကြီး၊ တူ၊တူမ ခြောက်ယောက်တို့၏ဘကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

မြန်မာ-နော်ဝေ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး နည်းပညာဖွံ့ဖြိုးမှုနှင့် ဥပဒေပြုရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် မေ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဌာနဝန်ကြီး H.E. Mr. Trond Giske ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-နော်ဝေ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးစိုးနိုင်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E. Ms. Katja Nordgaard လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Trond Giske ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Trond Giske အား လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

AFF ၏ အကောင်းဆုံးဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အကောင်းဆုံး အမျိုးသမီးအသင်းနည်းပြဆုကို မြန်မာ့လက်ရွေးစင် အမျိုးသမီးနည်းပြရရှိ

သတင်း- ညီမြတ်သော်တာ

ရန်ကုန် မေ ၄

အာဆီယံ ဘောလုံးအဖွဲ့ချုပ် (AFF)၏ တစ်နှစ်တာအကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ပွဲကို မေ ၃ရက်က AFF ရုံးတည်ရှိရာ မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် ပတ်တလင်းဂျရာမြို့တွင် ကျင်းပခဲ့သည်။ AFF သက်တမ်းတစ်လျှောက်တွင် ပထမဆုံးအကြိမ် တစ်နှစ်တာ အကောင်းဆုံးဆုများ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး အကောင်းဆုံး ဘောလုံးအဖွဲ့ချုပ်ဆုကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်(MFF)ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးအသင်းနည်းပြဆုကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ ဂျပန်လူမျိုး ကူမာဒါကလည်းကောင်း ဆွတ်ခူးရရှိခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းတောင်ပံကစားသမား ကြည်လင်းက အာဆီယံ အကောင်းဆုံးကစားသမား ၁၁ စာရင်းတွင် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့်မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း နည်းပြချုပ် ကူမာဒါတို့ တက်ရောက်ပြီး ဆုများ

စာမျက်နှာ ၈ ကော်လံ ၄ ▲

လေပြင်း တိုက်ခတ်မှုကြောင့် လားရှိုးမြို့ပေါ်ရှိ ဘူတာလမ်းမကြီး တစ်လျှောက် လျှပ်စစ်မီးတိုင်နှင့် သစ်ပင်များ ပြိုလဲကျနေစဉ်။

လားရှိုးမြို့ပေါ် လေပြင်းတိုက်ခတ်၍ လျှပ်စစ်မီးတိုင်တွေပြိုလဲ

လားရှိုး မေ ၄

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ပေါ်တွင် ယနေ့ ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရှိ လျှပ်စစ်မီးတိုင်များ ပြိုလဲခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် လားရှိုးမြို့ပေါ်ရှိ ဘူတာလမ်းမကြီး တစ်လျှောက် လျှပ်စစ်မီးတိုင်ရှစ်တိုင် လမ်းပေါ်ပြိုလဲသွားကြောင်း၊ လျှပ်စစ်မီးများ ပြတ်တောက်သွားကြောင်း သိရသည်။ ညနေ ၃ နာရီလောက်ကစပြီးလေပြင်းတိုက်လာတာ ၃ နာရီ ၁၀ မိနစ်လောက်မှာတော့ လေက ပိုပြင်းပြင်းတိုက်တယ်၊ ဝုန်းကနဲ အသံကြီးကြားလိုက်တယ်၊ ရုံးရှေ့ထွက်ကြည့်

စာမျက်နှာ ၆ ကော်လံ ၆ ○

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် မေ ၄

ယနေ့နံနက် ၅ နာရီ ၃၀ မိနစ် ၂၃ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၁၈၅ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (နေပြည်တော်၏ အနောက်တောင်ဘက် မိုင် ၄၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်သတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံသည် အပူပိုင်းနိုင်ငံဖြစ်၍ နွေရာသီကာလတွင် အပူဒဏ် အန္တရာယ်ကျရောက်လေ့ရှိပါသည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်ပူချိန်တက်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းအပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေထိဖြစ်တတ်ပါသည်။

ခရမ်းလွန်ရောင်ခြည်အန္တရာယ်သည် တစ်နှစ်ပတ်လုံးကျရောက်လျက်ရှိပြီး ပူပြင်းသောဒေသတွင်မက အေးသောအရပ်ဒေသတွင်လည်း ကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှု ကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ မိမိထံတွင် ကျရောက်နိုင်သောအန္တရာယ်ကို ချင့်ချိန်၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့် အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင်သွားလာလှုပ်ရှားသူများ၊ သကြ်ာန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်တွင် အလုပ်လုပ်ပါက မိမိ၏ အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါလုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15 + ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့်နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ပွပွချောင်ချောင် အဖြူရောင်ခြည်ထည်များသည် အပူကို စုပ်ယူမှုရှိ၍ အပူဒဏ်ကို ကာကွယ်နိုင်ပါသည်။

အထက်ဖော်ပြပါအချက်များအပြင် ယခုကဲ့သို့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း မြင့်တက်နေသောအချိန်တွင်

၅။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကို ဝတ်ပါ။

စာမျက်နှာ ၉ ကော်လံ ၄ ✻